# ဇီးဖြူကုန်းကျေးရွာ
# မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဇီးဖြူကုန်းကျေးရွာ၊ မင်းဘူးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

စကားချီး ၆

ဇီးဖြူကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၉

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
- (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
- (ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁
- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
- (ခ ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
- (က) လူဦးရေဆိုင်ရာ အချက်လက်များ
- (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေး နှင့် အာဟာရ
- (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
- (စ) ကျားမဆိုင်ရာ ကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄
- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
- (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
- (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
- (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
- (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
- (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
- (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ

ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၂၀
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာစနေအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀
**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုး တက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

အောက်တိုဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဇီးဖြူကုန်းကျေးရွာ
မင်းဘူးမြို့နယ်

## ဇီးဖြူကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ ထိန်တောကျေးရွာသည် မင်းဘူး-မင်းလှလမ်းမ ပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးစိုက်ရာ မင်းဘူးမြို့နှင့်(၁၃)မိုင် ကွာဝေးပြီး ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ အလယ်ပိုင်း ချိုင့်ဝှမ်းဒေသဖြစ်၍ မိုးရွာ သွန်းမှု ကောင်းသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုပါသည်။ ကျေးရွာသည် မင်းဘူးမြို့၏တောင်ဘက်တွင်ရှိပြီး လယ်စိုက်ပျိုး၍မရသော်လည်း မိုးရေဖြင့် ယာလုပ်ငန်းများကိုသာအားထားလုပ်ကိုင်ကြရပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး၊ ယာမြေများတွင် ပဲ၊ နှမ်း သီးနှံများကို ရာသီအလိုက် စိုက်ပျိုးကြပါသည်။ ကျေးရွာရှိ လယ်သမားအများစု၏ စိုက်ခင်းတွင် ရာသီဥတုဖောက်ပြန်ခြင်း နှင့် အဖျက်ပိုးများ ဝင်ရောက်ဖျက်စီးမှုကြောင့် သီးနှံများ ပျက်စီးခြင်း၊ အထွက်နှုန်းလျော့ကျခြင်းနှင့် အရည်အသွေး မမှီခြင်းများ ခံစားခဲ့ရပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အများအပြားရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သယံဇာတထွက်ရှိမှုမရှိပါ။ ယခင်က လယ်စိုက်ပျိုးမြေ (၂၀၀) ဧကကို ကမ်းနီမြစ်ရေတင်စီမံကိန်းဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော်လည်း ယခုအခါစီမံကိန်းမှ ရေမပေးဝနိုင်သဖြင့် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ ကျေးရွာရှိ ယာမြေ(၁၁၄၁.၁၈) ဧကအား မိုးရေဖြင့် နှမ်း၊ပဲတီစိမ်း၊ ပဲစဉ်းငုံများကို သီးညှပ်သီးထပ်စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၆၆)စုနှင့်ကျား၊မ လူဦးရေပေါင်း (၆၃၃)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုး များအများဆုံး နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၅.၃၈%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦး ရေသည် အမျိုးသားဦးရေ ထက်များပြားခြင်းကြောင့် အမျိုးသမီးများအတွက် သင့်တော်သော အလုပ်အကိုင်အခွင့်အလမ်း လိုအပ်နေပါသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သီးနှံရိတ်သိမ်းချိန်တွင်သာ ဝင်ငွေရရှိပြီး ကျန်အချိန်များမှာ ဝင်ငွေရရှိမှု မရှိပါ။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၄%သည် အလွန်ဆင်းရဲအဆင့်ဖြစ်ပြီး၊ ၈% သည် အဆင်ပြေသော အဆင့်ဖြစ်ပြီး၊ ၁၉% သည် အလယ်အလတ် အဆင့်၊ ၅၈% သည် ဆင်းရဲသောအဆင့်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှု တို့ကြောင့် ကျေးရွာ့ စီးပွါးရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စု အချို့မှာလည်း အခြားဝင်ငွေရ အလုပ်အကိုင်များကို တွဲဖက်၍လုက်ကိုင်ကြပါသည်။ လယ်သမား အိမ်ထောင်စု အများစုသည် တွဲဖက်လုပ်ကိုင်သော လုပ်ငန်းရှိသူ များဖြစ်သဖြင့် ငွေကြေးအသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ချို့တဲ့အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ် ပိုင်သော တောင်သူများ၊ လက်လုပ်လက်စားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာ၏ အဓိက ဂင်ငွေရ လုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ကျေးရွာ၏ ဂင်ငွေသည် အသင့်အတင့်သာ ရှိပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ကျပန်းအလုပ်များ၊ ခေါင်းရွက်ဗျက်ထိုးအလုပ်များ နှင့် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေကြပါသည်။ သီးနှံရာသီ ကုန်ဆုံးချိန်တွင် နယ်ထွက်၍ အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာမှ ချို့တဲ့နှင့် အချို့တဲ့ဆုံးအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော (၃၈)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့မှာ သူတပါးထံမှ ချေးငှားပြီးမှ နပ်မှန်စွာ စားသုံးနိုင်ကြောင်း၊ မချေးငှားဘဲ စားသုံးနိုင်သူမှာ အထောက်အပံ့ယူစားရကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ရှိခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ (၅၀၀၀၀ိ/-) မှ (၁၀)သိန်းအထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံးတွင် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများနှင့် မုဆိုးဖို ဦးဆောင်သည့် အိမ်ထောင်စုမှာလည်းရှိသည်။ ၎င်းအိမ်ထောင်စုများတွင် မိသားစုဦးရေ များပြားခြင်း၊ ဂင်ငွေနှင့်စားဂတ်နေရေး ဖြေရှင်းရန် မမျှတခြင်းတို့နှင့် အခက်အခဲကြုံတွေ့နေရပါသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုမှာ သက်ကြီးရွယ်အိုအနည်းစု တို့ဖြစ်ကြသည်။ သက်ကြီးရွယ်အိုများရှိသော်လည်းမိသားစုစောင့်ရှောက်မှုဖြင့်သာ နေထိုင်ကြပါသည်။ ကျပန်းအိမ်ထောင်စုများသည် အလုပ်အကိုင်ရှားပါးခြင်းကြောင့် ရွာပြင်ပသို့ သွားရောက်ပြီး ဂင်ငွေရရှိရေး

အတွက် သွားရောက်လုပ်ကိုင်ကြသည့် လူငယ် လူရွယ် များသည် လိင်မှုတဆင့် ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။ ကျေးရွာတွင် ကားသမား/သုံးဘီးသမား အနည်းငယ် ရှိသည့်အတွက် ၎င်းတို့သည်လည်း ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေး ရောဂါမှာ ဖြစ်ပွါးမှုမှာ ယခုနှစ်အတွင်းပိုမိုဖြစ်ပွားကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဗဟုသုတများ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်ကြပြီး၊ အလွယ်တကူသွားလာ၍ရသော တိုက်နယ်ဆေးရုံများ မြို့နယ်ဆေးရုံများ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီပါသည်။

ကျေးရွာတွင် စက်ရေတွင်းများမှ မြေအောက်ရေကိုရရှိနိုင်ပြီး ရေသန့်ရရှိအသုံးချမှုကြောင့် ဝမ်းပျက်၊ ဝမ်းလျော စသည့် ရောဂါများ ဖြစ်ပွားမှု နည်းပါးသည်။ အသက်ရှူလမ်းကြောင်း နှင့် ဆိုင်သော တီဘီရောဂါမှ အမြစ်ပြတ်ကုသမှုခံယူရန် ရှာဖွေဖော်ထုတ်၍ နှစ်စဉ်ကုသပေးလျှက် ရှိကြောင်း မခံယူမှုကြောင့် မပျောက်ကင်းဘဲ ဆက်လက်ရောဂါခံစား နေရကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် ပညာရေးအားပေးမှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံပညာရေး၊ အရေးအဖတ်အတွက်များ ကိုတက်မြောက်ကြပြီး ဘွဲ့ရအရေအတွက် နှင့် ဝန်ထမ်း အရေအတွက်မှာလည်း အင့်အတင့်ရှိသည်။ အခြေခံပညာရေးကို ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် တက်ရောက် သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ နည်းပညာပိုင်ဆိုင် ကျွမ်းကျင်မှု နည်းပါးပြီး၊ လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါး ပါသည်။

**(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ တန်းတူ အခွင့်အရေး ရရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်းများတွင် မျှတမှု ပါဝင်မှုရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ဒုစရိုက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၊အလယ်တန်းအဆင့်၊ အထက်တန်း၊ တက္ကသိုလ်ပညာရေးများတွင်လည်း မိန်းကလေးအရေအတွက်သည် အမျိုးသားအရေအတွက် ထက်များနေပါသည်။ ထို့ကြောင့် အမျိုးသမီးများအတွက် ပညာသင်ယူရေး ဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် ပျမ်းမျှအားဖြင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက် ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်း ပြီးရကြသည်။ အုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများနှင့် တန်းတူ မပါဝင်မှုအားနည်း နေကြောင်း ကျား-မ တန်းတူ သိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုအသက်ဝင်လာမည် ဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးအသင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ (၃) ဖွဲ့ ၊မွေးမြူရေးအဖွဲ့(၁)ဖွဲ့ ပြင်ပငွေကြေးဝန်ဆောင်မှုအဖွဲ့(၃)ဖွဲ့ရှိပါသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပြီး၊ လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပအဖွဲ့မှ ဖွဲ့စည်းပေးထားပြီး၊ အသေးစားငွေစုငွေချေး လုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာတွင်းရှိ အဆိုပါအဖွဲ့အစည်းများ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းများ၏ သဘောသဘာဝများကို နားလည်မှုအားနည်းကြသဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်နိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်ရေးပိုင်း၌ ပိုမိုကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မြေပဲ နှင့် နှမ်းတို့ကို အဓိကထားစိုက်ပျိုးကြသည်။ ကျေးရွာတွင် ယာမြေဧက (၁၁၄၁.၁၈) ရှိပြီး မိုးရေဖြင့် အဓိက သီးနှံနှမ်း ကိုစိုက်ပျိုးကြပါသည်။ ပဲစဉ်းငုံသီးနှံ အား သီးညှပ်စိုက်ပျိုးထားရှိပါသည်။ မိုးကောင်သောနှစ်များတွင်သာ သီးနှံထွက်နှုန်းကောင်းမွန်ပါသည်။

ကျေးရွာရှိ တောင်သူများလက်ဝယ် စိုက်ပျိုးရေးသုံးကရိယာများ ထိုက်သင့်သလောက်ရှိပြီး၊ စိုက်ပျိုးရေးနည်းပညာများ ထပ်မံတိုးလာရန်လိုအပ်သည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်ျအတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တောင်သူများသည် မိုးရွာသွန်းမှုမညီညွတ်သဖြင့် စိုက်ခင်း များတွင် အဖျက်ပိုးများ ကျရောက်မှုကို

ပိုမိုတွေ့ရသည်။ ထိုအဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်း ရှိကြပြီး၊ ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြပါသည်။

ကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်သည် (၄၈%)ကျော် မွေးမြူကြသည်။ ကြက်မွေးမြူသည့် အိမ်ထောင်စုသည် (၇၀%)ကျော် မွေးမြူကြပြီး၊ ဆိတ်/သိုးမွေးမြူသည့် အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၄%)မွေးမြူ ကြသည်။ ၎င်းမွေးမြူရေးတို့သည် တနိုင်တပိုင်မျှဖြစ်ကြသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အဓိက နွားများတွင် ခွာနာ၊ လျှာနာ၊ တောင့်တန်းရောဂါ၊ ကြက်ငှက်တုတ်ကွေးရောဂါများ အဖြစ်များပြီး၊ သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ မွေးမြူရန် ငွေကြေးပြဿနာများကို Pact Myanmar နှင့် NAGမွေးမြူရေးရန်ပုံငွေတို့မှ ချေးငွေကို ရရှိသော်လည်း တပိုင်တနိုင်သာ မွေးမြူနိုင်ကြပါသည်။ ကျေးရွာရေမြေနေရာ အဆင်မပြေမှုကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများ မှာနေ့စားအလုပ်များ၊ခေါင်ရိုက်ဖျက်ထိုးလပ်ငန်းများ၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။မြို့ပေါ်တွင် အသက်မွေးဝမ်ကျောင်းလုပ်ငန်းများဖြစ်သော အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဖုန်းပြင်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြင်သင်တန်း၊ ကာမောင်း၊ဝပ်လျော့ သင်တန်းများသင်ကြား နိုင်သော်လည်း ယင်းသင်တန်းများမှာ လျှပ်စစ်မီးရရှိမှသာ တွင်ကျယ်စွာဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် ငွေကြေးမတက်နိုင်ခြင်းမှာလည်း အခက်ခဲတစ်ခုပင်ဖြစ်ပါသည်။ လက်လုပ်လက်စား များမှာ စိုက်ပျိုးရိတ်သိမ်းချိန်၌သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်း ကြောင့် နယ်ထွက်လုပ်ကိုင်ကြပြီး တွက်ခြေကိုက်မှုနည်းပါးသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား အလာကောင်းတစ်ရပ်ဖြစ်သည်။

## (ဃ) ပါတ်ဝန်းကျင်နှင့် သံယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် နှမ်း နှင့် မြေပဲစိုက်ခင်းများတွင် ဖျက်ပိုးနှင့်ရောဂါများကျရောက်တတ်ခြင်း ကြောင့် ပိုးသတ်ဆေး နှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးနိမ့်ကျ လာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများ ကိုသာ အသုံးပြုလာကြပါသည်။ ထိန်းသိမ်းမှု အားနည်း ခြင်းကြောင့် သဘာဝအပင်မျိုးစိတ်များ ဆုံးရှုံးမှုအန္တရာယ်ရှိပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခံများကိုစနစ်တကျ မစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ တွင်တည်ရှိသောကြောင့် အခါအားလျော်စွာ ကျရောက်တက်သောမိုးခေါင်ခြင်း သည်လည်း သဘာဝအန္တရာယ်တစ်ရပ်အဖြစ် တည်ရှိနေပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၇၀)ပြားတိုးဖြင့် (၆)လ၊တစ်ဧကလျှင် (၁၀၀၀၀ဝိ/-)ဖြင့် အများဆုံး(၁၀)ဧက သတ်မှတ်ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် သမဝါယမဦးစီးဌာနမှလည်း လာရောက်ဖွဲ့စည်းပေးထားသော စိုက်ပျိုးရေး၊မွေးမြူရေး၊ကျပန်း(ကူလီ)များအတွက် ငွေစုငွေချေးဖွဲ့လည်းရှိပြီး အဖွဲ့ဝင်အားလုံးပေါင်း(၁၅၀)ခန့် နှင့် အတိုးနှုန်း (၁.၅၀)ကျပ်ဖြင့် (၆)လ တစ်ကြိမ်ထုတ်ချေးပါသည်။ Pact Myanmar အဖွဲ့မှလည်း ထုတ်ချေးပါသည်။ တချို့အိမ်ထောင်စုများမှာ ငွေတိုးချေးစားများထံမှ အတိုးကြီးပေး၍ လည်းကောင်း၊ မိတ်ဆွေ၊ ဆွေမျိုး များထံမှ နည်းလည်မှုကတိဖြင့် ချေးယူကြရပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် လိုအပ်ချက်များပြားကြောင်း တွေ့ရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းဆောင်ကို အဆောင်(၁) အလျား ၆၀ ပေ၊ အနံ ၃၄ ပေ၊ အမြင့် ၁၁ ပေ နှင့် အလယ်တန်းသင်ကြားမည့်ကျောင်းအဆောင်(၂)အား ပေ ၈၀၊ ၃၀ပေ၊ ၁၂ပေ၊ အုတ်ဖိနပ်ခံ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှင့် သွပ်မိုး အုတ်ညှပ်၊ တံမံသလင်းခင်း ဖြင့်တည်ဆောက်ထားပါသည်။ ကျောင်းတွင် ကျောင်းသားဦးရေ KG တန်း မှ အဋ္ဌမတန်းထိ ကျား(၃၈)ယောက်နှင့်မ(၆၃)ယောက်၊ စုစုပေါင်း(၁၀၁)ယောက်ကို သင်ကြားရာတွင် လူဦးရေနှင့် တွက်လျှင် သတ်မှတ်စံနှုန်းကိုက်ညီသောလည်း အတန်းခွဲများခြင်းကြောင့် ဆရာ/မ မလုံလောက် သဖြင့်ကျေးရွာရန်ပုံငွေဖြင့် ဆရာ(၂)ယောက် ငှားရမ်းအားဖြည့်ထား ရပါသည်။ ကျောင်းပညာသင်ကြားနိုင်၍ ကျောင်းသုံးပရိဘောဂ လိုအပ်ပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါသည်။ ကာကွယ်ဆေးထိုးခြင်းနှင့် ရာသီအလိုက် အရွယ်အလိုက် ကာကွယ်ဆေးထိုးခြင်း၊ အာဟာရမှတ်တမ်း ရယူမှုများအားနီစပ်ရာ တာဝန်ကျ ကျေးလက် ကျန်းမာရေးဌာနခွဲများမှ လာရောက် ပြုလုပ်ပေးပါသည်။

သောက်သုံးရေအတွက် စက်ရေတွင်းများကိုသာ အသုံးပြုကြသဖြင့် ရေလုံလောက်မှုမှာ အတော်အသင့်သာရှိပါသည်။ တိရစ္ဆာန် နှင့် သုံးစွဲရန် ရေကို မြစ်ကြောင်းများသွားရောက်၍ ရေစည်ဖြင့် သယ်ကြရပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး၊ ဆင်းရဲသော အိမ်ထောင်စုများက ဝါးထရံကာ ဆောက်လုပ်၍ သုံးစွဲကြသည်။ ၎င်းတို့ အနက် အသိပညာလိုက်နာမှုအားနည်းခြင်းကြောင့် တောထိုင်သူများလည်း ရှိသည်။ ထို့ကြောင့် ကျန်းမာရေး ဗဟုသုတများ တိုးပွားလာရန် လိုအပ်ပါသေးသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျွန်တော်တို့ ကျေးရွာတွင်လူငယ်များ အတွက်အပန်းဖြေအနားယူ နိုင်မည့်အနေအထား သီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ရွာရှိ (၁၂)လ ရာသီပွဲတော်များ တွင် ရိုးရာအကများဖြင့် ပါဝင်တင်ဆက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သီးသန့် လုပ်ဆောင်ခြင်းမရှိပါ ပူးပေါင်း ဆောင်ရွက်ခြင်း သာရှိပါသည်။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျွန်တော်တို့ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး၊ အကွာအဝေးမိုင် (၁)မိုင်ခန့် ရှိ၍ မိုးရာသီတွင် အချို့နေရာများတွင် ရွှံ့အိုင်များကြောင့် ဆိုးဝါးပါသည်။ ရွာချဉ်းကပ်လမ်းအား ကျေးလက် ဒေ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြေနီလမ်းခင်ထားခြင်း နှင့် ကျေးရွာလူထုပြုပြင်ထား ရှိသဖြင့် စက်ဘီးဆိုင်ကယ်၊ ကားများ ကောင်းမွန်စွာ သွားလာနိုင်ပြီဖြစ်ပါသည်။

ကျေးရွာတွင် မိုးရာသီအချိန်တွင် မိုးရေများသည် ရွာလည်ချောင်းရိုးအတိုင်း ဧရာဝတီမြစ် အတွင်းသို့ စီးဝင်သွားသဖြင်ကာလကြာရှည်လာပါက ကျေးရွာမြေများအား တိုက်စားနိုင်ပါသည်။ ထို့ကြောင့် ရေတိုက်စားမှုမှ ကာကွယ်ရန် မြေထိန်းနံရံပြုလုပ်ရန်အတွက် သက်ဆိုင်ရာဌာနများ နှင့် အထက်အဆင့်ဆင့်သို့ တင်ပြတောင်းခံပြီးဖြစ်ပါသည်။ ယင်းကိစ္စကြောင့် ကျေးရွာတွင်းလမ်များ ပျက်စီးပါသည်။ မြစ်ကြောင်းလမ်းအား မသုံးစွဲသဖြင့် ရေကြောင်း ပို့ဆောင်ရေးယာဉ်မရှိပါ။

ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုအခြေအနေမှာ အစိုးရလျှပ်စစ်မီးရရှိရန် ကိုယ်ထူကိုထ ဆောင်ရွက်ရန် ရန်ပုံငွေကောက်ခံခြင်း နှင့် ပြင်ပအဖွဲ့စည်းများ၏ ထောက်ပံ့မှုဖြင့် မီးသွယ်တန်း ခွင့်ရရှိရန်ဆောင်ရွက်လျှက်ရှိပါသည်။ လျှပ်စစ်မီးမရရှိသေးချိန်တွင် ဆိုလာမီး၊ ဒီဇယ်သုံး အင်ဂျင်မီး တို့ဖြင့်ကိုယ်ထူကိုယ်ထ အသုံးပြုရပါသည်။ ဆက်သွယ်ရေးအနေဖြင့် ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်ထုစလောင်း စသည်တို့ ရှိသဖြင့် သတင်းနှင့် ဆက်သွယ်ရေးမှာ အတော်အသင့် ရရှိပါသည်။ ကျေးရွာရှိ စာကြည့်တိုက် ပံ့မှန်လည်ပတ်နိုင်စေရန် ဝိုင်းဝန်းထောက်ပံ့မှုများရရှိရန် ဆက်လျက်ဆောင် ရွက်လျက်ရှိပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်းများကို အသုံးပြုခြင်းဖြင့် လိုအ်ပသောသတင်းအချက်များကို ပေးပို့နိုင်ပါသည်။ အာမခံလုပ်ငန်းများ လက်လှမ်းမီသော်လည်း အသိပညာနည်းပါးခြင်းကြောင့်အားနည်းပါသည်။ NGOအဖွဲ့အစည်းများမှ လူထုအခြေပြု သဘာဝ

ဘေးအန္တရာယ်လျော့ချရေးသင်တန်းပေးများတွင်တက်ရောက်ပါသည်။ လူကုန်ကူးမှုမှာလည်း မရှိသလောက် နည်းပါးသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်၍ အော်ဂဲနစ်၊ ဓါတုပိုးသတ် ဆေးတို့စိုက်ပျိုးရေးဆေးဆိုင်တို့မှရရှိပြီး ချေးငွေ နှင့် ငွေကြေး ဂန်ဆောင်မှုများကို မြန်မာ့စိုက်ပျိုးရေးဘဏ် နှင့် သမဝါယမဦးစီးဌာန၊ Pact Myanmar အဖွဲ့ နှင့် ပြင်ပအဖွဲ့အစည်းများတို့မှ ရရှိပါသည်။

ကျေးရွာတွင် မွေးမြူရန်အတွက် စိုက်ပျိုးမြေများခြင်းကြောင့် စားကျက်မြေရှားပါး၍ တနိုင်တပိုင် လောက်သာ မွေးမြူကြသည်။ ဆိတ်၊နွား၊သိုးများအား နှစ်စဉ် ရောဂါကာကွယ်ဆေးများထိုးနှံ နိုင်ရန်ဆောင်ရွက်သွားပါမည်။ ကျေးရွာများတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဂမ်းကျောင်းလုပ်ငန်းများလည်းရှိသည်။ အတန်းပညာနည်းပါးသော်လည်း လက်သမား၊ ပန်းရံ၊ စက်ပြင်၊ အိမ်ဆိုင် နှင့် အပ်ချုပ်ဆိုင် တို့ကိုလည်း လုပ်ကိုင်ကြသည်။ ပညာတတ်ဘွဲ့ရများရှိ၍ အစိုးရဂန်ထမ်းများလည်း ရှိသည်။

အသက်မွေဝမ်းကျောင်းလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် လျှပ်စစ်မီးရရှိမှုမှာလည်း အဓိကကျပါသည်။ လျှပ်စစ်မီးကို (၃၃)လိုင်းမှ ချိတ်ဆွဲရယူကာ ၂၀၁၈ ခုနှစ်တွင်မီးလင်းနိုင်မည်ဟုမျှော်လင့်ထားပါသည်။ ကျေးရွာထိပ်တွင်လည်း ထရန်စဖာထိုင်ထားပြီးဖြစ်ပါသည်။ သို့မှသာ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအား တွင်ကျယ်စွာဆောင်ရွက် လျှပ်စစ်မီးရရှိရန် လိုအပ်သောကူညီထောက်ပံ့မှုများအားရရှိရန် ဌာနဆိုင်ရာများ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ကဲဆောင်ရွက်သွားပါမည်။

ကျေးရွာအား ရေတိုက်စားခြင်းများ ကာကွယ်နိုင်ရန် မြစ်ကမ်း မြေထိန်းနံရံဆောင်ရွက်ခြင်းများအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ နှင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင် ရွက်သွားပါမည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် စိုက်ပျိုးမြေများ ချဲ့တွင်ရန် ယာမြေများ မရှိခြင်း၊ မြေဆီမြေသြဇာ အခြေအနေမှာ ပိုးသတ်ဆေးနှင့် ဓါတုဆေးများ အလွန်အကျွံသုံးစွဲမှုကြောင့် ပျက်စီးမှု များရှိသည်။

ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်၊ လေလံများကို ရရှိရန် ငွေကြေး မတတ်နိုင်သဖြင့် နားလည်မှုဖြင့်သာ လုပ်ကိုင်ရသည်။ မွေးမြူရန် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များကို လက်လှမ်းမီရန် အားနည်းပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်၍ လက်သမား၊ ပန်းရံ နှင့် စက်ပြင်တို့ကို တတ်မြောက်မှုအားနည်းသည်။ ငွေကြေးမလုံလောက်မှုကြောင့် အိမ်ဆိုင်ဖွင့်ရန်နှင့် အပ်ချုပ်သင်တန်းတက် ရောက်ရန် နည်းပါးသည်။ ထို့ကြောင့် ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပညာတတ်များ များပြားလာစေရန် လိုအပ်ပါသည်။

ကျေးရွာတွင် အဓိကလိုအပ်သော လျှပ်စစ်မီး နှင့် မြေထိန်းနံရံ ဆောင်ရွက်မှုသည် အမြန်ဆုံး မလုပ်ဆောင်နိုင်ခြင်းမှာ ကျေးရွာ၏ စီးပွားရေးမှာ စိုက်ပျိုးရေးကို အဓိကလုပ် ဆောင်ရသဖြင့် ရန်ပုံငွေစုဆောင်းနိုင်မှုအားနည်းပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များကို စနစ်ကျသော နည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရွာသူ၊ ရွာသားများ၏ ဝင်ငွေများ တိုးပွား၍ စီးပွားရေးအခြေအနေအထားများ တိုးတက်စေရမည်။

(က.၂) ကျွန်ုပ်တို့ ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ပညာရေး၊ ကျန်းမာရေး တိုးတက် လာပြီး လူနေမှုအဆင့်မြင့်တက်လာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီး မြေထိန်းနံရံဆောင်လုပ်ခြင်းဖြင့် အခြေခံအဆောက်အဦးများခိုင်မာမှုရှိပြီး စီးပွားရေးအခြေအနေကောင်းမွန်လာခြင်းနှင့်အတူ လုံခြုံစိတ်ချမှုရှိသောလူအဖွဲ့အစည်းတစ်ရပ် ထူထောင်လာနိုင်မည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာရှိ ဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်၍ စိုက်ပျိုးရေး၊ မွေးမြူရေး မှ ဝင်ငွေအမြတ်အစွန်းများ ရရှိအောင်မြင်လာစေရန်၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်မည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လာစေရန် စိုက်ပျိုးရေးနည်းပညာများ ရရှိရေး၊ မျိုးကောင်းမျိုးသန့်များ အချိန်ကုန်ငွေကုန် သက်သာစွာ ရရှိရေး၊ စိုက်ပျိုးရေးများ အချိန်မှီ

လုံလောက်စွာရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားမည်။

(ခ.၂) မွေးမြူရေးလုပ်ငန်းများမှ တိရစ္ဆာန် မျိုးကောင်း မျိုးသန့်ရရှိရေး၊ ရောဂါကင်းရှင်းစေရေး အတွက် တိ/မွေးကုဌာနတို့နှင့် ချိတ်ဆက်၍ ပူးပေါင်း ဆောင်ရွက်သွားမည်။

(ခ.၃) စိုက်ပျိုးရေး မွေးမြူရေးများကို သင့်တင့်သည့် အမြတ်အစွန်းရရှိရေးအတွက် စနစ်တကျ မွေးမြူခြင်း၊ စိုက်ပျိုးခြင်းများ ပြုလုပ်နိုင်ရန် နည်းပညာပေးသင်တန်းများ တက်ရောက် နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၅) ကျွန်တော်/မတို့ကျေးရွာတွင် ရာသီမရွေးသွားလာနိုင်သောရွာတွင်းလမ်း များဖြစ်လာစေရန် သက်ဆိုင်ရာ ဦးစီးဌာနများ (NGO)အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၆) ကျွန်တော်/မတို့ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိရန် နှင့် တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းများ စတင်နိုင်ရန် အကူအညီပေးနိုင်မည့် ဌာန/အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။

(ခ-၇) ကျေးရွာအား ရေတိုက်စားခြင်းများ ကာကွယ်နိုင်ရန် မြစ်ကမ်း မြေထိန်းနံရံဆောင်ရွက်ခြင်း များအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ နှင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင် ရွက်သွားပါမည်။

(ခ-၈) ကျွနုပ်တို့ ကျေးရွာတွင် လျှပ်စစ်မီး အမြန်ရရှိနိုင်ရန် သက်ဆိုင်ရာဌာနများ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာမှလည်း စုဆောင်းထားသောရန်ပုံငွေ များဖြင့် မီးလင်စေရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်

အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် စိုက်ပျိုးရေးနည်းပညာများ ရရှိစေရေး

ကျေးရွာတွင် မြေပဲနှင့် နှမ်းတို့ကိုစိုက်ပျိုးပြီး ပဲစဉ်ငုံအား သီးညှပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများ အတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကခက်အခဲဖြစ်ပြီး သီးနှံဖျက်ပိုး များကို ထိရောက်စွာ ကာကွယ်နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှု များကို ရရှိသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ထိရောက်သောပိုးမွှားနှိမ်နင်းရေး နည်းပညာ ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများ အတွက် လုံလောက်သော ချေးငွေလိုအပ်ပါသည်။ ဘဏ်လုပ်ငန်းစနစ် တွင်ကျယ်လာ စေရန် နှင့် လိုအပ်ကျေးရွာသူများအားလုံး ချေးငွေရရှိနိုင်ရန် ဖြေလျော့သင့် သော အရာများအား ဖြေလျော့သင့်ပါသည်။

## (ဃ) ရွာလုံးကျွတ်မီးလင်းစေရေး

ကျေးရွာတွင် ကိုယ်ထူကိုယ်ထမီးလင်းရေးလုပ်ငန်းများအား (၅/၁၇) နှစ်စတင်၍ ဆောင်ရွက်နေပါသည်။ ကျေးရွာမှ မတည်ရန်ပုံငွေရရှိရန် အိမ်ထောင်စုစီးပွားအဆင့်အလိုက် ကောက်ခံ၍ (မင်းဘူး)တွင် အပ်နှံထားရှိပါသည်။ မြန်မာ့ရေနံသဘာဝဓါတ်ငွေ့ ထုတ်လုပ်သည့် လုပ်ငန်း (MOGE ) နှင့် CSR တို့မှ ပူးပေါင်း၍ ရွာထိပ်ထိ ထရန်စဖာ နှင့် မီးကြိုးများအား လှူတန်းထားပါသည်။ ဆက်လက်၍ ကျေးရွာတွင်း ရှိ အိမ်ထောင်စုများ မီးလင်းစေရန် လိုအပ်သောငွေကြေး နှင့် နည်းပညာအကူအညီများအား သက်ဆိုင်ရာဌာနများ ၊လွှတ်တော်ကိုယ်စား လှယ်များ နှင့်အတူ ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပေးစေလိုအပ်ပါသည်။

**( င) ကျေးရွာ ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် မြေထိန်းနံရံဆောက်လုပ်ရေး**

ကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီး မိုးရေများသည် ရွာလည်ချောင်းရိုးအတိုင်း မြစ်ထဲသို့ စီးဝင်သွားပါသည်။ ထို့ကြောင့် ကျေးရွာ မြေများရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် မြေထိန်းနံရံ ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများ နှင့်လွှတ်တော်ကိုယ်စား လှယ်များ နှင့်အတူ ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပေးစေလိုအပ်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍာကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လျှပ်စစ်မီးလင်းရေး**<br>ရွာလုံးကျွတ် လျှပ်စစ် မီးလင်းစေရေး | ရွာလုံးကျွတ် လျှပ်စစ် မီးလင်းစေရေး | ၁၀၀ | ၁ | * ကျေးရွာမီးကော်မတီဖွဲ့စည်း၍ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>* လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း။<br>* ပြင်ပအဖွဲ့ (NGO,INGO)အဖွဲ့များနှင့် ချိတ်ဆက်ကူညီတောင်းခံခြင်း။<br>* ကျေးရွာလူထုအား လုပ်အားပေးဆောင်ရွက်ရန် နိုးဆော်ခြင်း။ | လျှပ်စစ်ဦးစီး |
| **သဘာဝဘေးအန္တရာယ် လျော့ချရေး**<br>မြေထိန်းနံရံတည်ဆောက် ခြင်း | မြေထိန်းနံရံတည်ဆောက်ခြင်း | ၉၀ | ၂ | * ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း နှင့် သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့စည်းများ နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>* ကျေးရွာလူထုအား လုပ်အားပေးဆောင်ရွက်ရန် နိုးဆော်ခြင်း | ဦးစီး |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်းပန်းဆက်သွယ်ရေး**<br>ရွာတွင်းလမ်းများမြေနီခင်းခြင်း | ရွာတွင်းလမ်းများမြေနီခင်းခြင်း | ၇၅ | ၃ | * ကျေးရွာလမ်းကော်မတီဖွဲ့စည်းခြင်း။<br>* ပြင်ပအဖွဲ့(NGO,INGO)များနှင့် ချိတ်ဆက်ခြင်း<br>* ကျေးရွာသူသားများအား လုပ်အားပေးလုပ်ဆောင်ရန်နှိုးဆော်ခြင်း။ | ကျေးလက်ဦးစီး |
| **ပညာရေး**<br>အသိအမြင်ကြွယ်ဝလာစေရန် | စာကြည့်တိုက်အားတည်ဆောက်ခြင်းနှင့် စာအုပ်ဖြည့်ခြင်း | ၇၀ | ၄ | * စာကြည့်တိုက် ဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း။<br>* အလှူရှင်များ နှင့် ချိတ်ဆက်ခြင်း။<br>* စာပေဟောပြောပွဲများကျင်းပခြင်း။<br>* သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ခြင်း။ | ပြန်/ဆက်ဦးစီး |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလျှပ်စစ်မီးလင်းရန်ဆောင်ရွက်ခြင်း | ၁ | Â | Â | | | |
| ၂ | ကျေးရွာဘေးမြေထိန်းနံရံတည်ဆောက်ခြင်း။ | ၂ | | Â | Â | | |
| ၃ | ကျေးရွာတွင်းလမ်းအား မြေနီကျောက်ချောလမ်းခင်းခြင်း | ၃ | | Â | Â | Â | |
| ၄ | ကျေးရွာတွင်းစာကြည့်တိုက်ဆောက်လုပ်ခြင်းနှင့် စာအုပ်ဖြည့်တင်းခြင်း | ၄ | | Â | Â | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ကျေးရွာတွင်းလျှပ်စစ်မီးလင်းရန်ဆောင်ရွက်ခြင်း | ၁၀၀ | | ၁၀၀ | | |
| ၂ | ကျေးရွာဘေးမြေထိန်းနံရံတည်ဆောက်ခြင်း။ | ၃၀၀ | ၅ | ၂၉၅ | | |
| ၃ | ကျေးရွာတွင်းလမ်းအား မြေနီကျောက်ချော လမ်းခင်းခြင်း | ၁၀၀ | | ၁၀၀ | | |
| ၄ | ကျေးရွာတွင်းစာကြည့်တိုက်ဆောက်လုပ်ခြင်းနှင့် စာအုပ်ဖြည့်တင်ခြင်း | ၁၀၀ | | ၁၀၀ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်

ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ်

ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖေါ်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၄ | ၃ | ၇ | ၁.၁၂% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၁၄ | ၂၀ | ၃၄ | ၅.၄၄% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၂၈ | ၅၂ | ၈.၄၉% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၃၃ | ၃၉ | ၇၂ | ၁၁.၅၃% |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၉ | ၂၁၉ | ၄၁၈ | ၆၅.၃၈% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၂၉ | ၅၀ | ၈.၀၁% |
| **စုစုပေါင်း လူဦးရေ** | | **၂၉၅** | **၃၃၈** | **၆၃၃** | **၉၉.၉၇%** |
| **စုစုပေါင်း အိမ်ထောင်စု -၁၉၁** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။…ကျွန်တော်တို့ ရေပုတ်ကျေးရွာသည် ထိန်တောအုပ်စု၊ မင်းဘူး(စကု) မြို့နယ်တွင်တည်ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအရေအတွက်မှာ ၁၆၆စုရှိပြီး လူဦးရေမှာ ကျား (၂၉၃)၊ မ(၃၃၁)စုစုပေါင်း(၆၂၄)ဦးရှိပါသည်။ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ(၄%)ရှိ၍ နိုင်ငံတော်မှသတ်မှတ်ထားသော စံနှုန်းကို မပြည့်မီပါ။ အလုပ်လုပ်နိုင်သူကျားမ(၄၀၈)ဦးရှိသည် ကိုလည်းတွေ့ရပါသည်။ အလုပ်လုပ်နိုင်သူမှာကျေးရွာရှိလူဦးရေ(၆၅%)ရှိနေပါသော်လည်း အလုပ်ပုံမှန်မရှိခြင်းကြောင့် ဝင်ငွေနည်း၍ ဆင်းရဲနွမ်းပါးသူများနေခြင်းကို တွေ့ရပါသည်။ ကျေးရွာရှိ အိမ်ထောင်စုစာရင်းဇယားများကောက်ယူရာတွင် အုပ်ချုပ်ရေးနှင့် ကျေးရွာကော်မတီဖွဲ့စည်းပြီး တစ်အိမ်ဆင်းတစ်အိမ်တက်ကောက်ယူထားခြင်းဖြစ်ပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၈ | ၄၀.၉၆ | ၁၃၇ | ၂၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၈၉ | ၅၃.၆၁ | ၁၇၃ | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၆၀ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁.၂၀ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁ | ပန်းရံ |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ၄ | စက်ချုပ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၃.၆၁ | | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | ၁၆၆ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဓီးဖြူကုန်းကျေးရွာသည် အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် တောင်သူများကို အမှီပြု၍ ကျပန်းလုပ်သားများ အများစုဖြစ်ပါသည်။ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်သူ ၄၀.၉၀%ရှိပြီး စိုက်ပျိုးရေးကိုအမှီပြု၍ ကျဘန်းလုပ်သားများမှာ ၅၃.၆၁%ရှိနေသည်ကိုတွေ့ရပါသည်။ အခြားလုပ်ငန်းများမှာအနည်းငယ်သာရှိပါသည်။ မွေးမြူရေးလုပ်ငန်းများတွင် စီးပွားဖြစ်တွင် တွင်ကျယ်မလုပ်နိုင်သော်လည်း ကျဘန်းမြေယာမဲ့လုပ်သားများက မိမိတတ်နိုင်သလောက် နွား၊ ဆိတ်၊ ဝက်၊ ကြက်တို့ကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ဓီးဖြူကုန်းကျေးရွာသည် ယာလုပ်ငန်းကို အဓိကအမှီပြုလုပ်ကိုင်သောကျေးရွာဖြစ်၍ ယာလုပ်ငန်းပါးချိန်တွင် မြေယာမဲ့လုပ်သားများသည် အခြားကျေးရွာဒေသများသို့ လုပ်ငန်းမျိုးစုံသွားရောက်လုပ်ကိုင်၍ ဝမ်းစာကိုဖြေရှင်းနေရသည်ကို တွေ့ရှိရပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | လယ်ကူလီ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ | ဆိတ်၊နွား |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက် လုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၂၀၀၀ | ပန်းရံ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | - | ၃၀၀၀ | - | ကား/ ဆိုင်ကယ် ဝပ်ရှော့ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၃၀၀၀ | အရောင်း ဝန်ထမ်း |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | ၅၀၀၀ | - | ၂၀၀၀ | စက်ချုပ်၊ အလုပ် သမား |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာတွင် ယာလုပ်ငန်းခွင်တွင် ယောကျ်ားလေးမှာ အများဆုံး၄၀၀၀ကျပ်အနည်းဆုံး၃၀၀၀ကျပ်ရရှိပါသည်။ အမျိုးသမီးများမှာ အများဆုံး၃၀၀၀ကျပ် အနည်းဆုံး၂၅၀၀ကျပ်ရရှိ၍ ယာလုပ်ငန်းလှိုင်ချိန်များတွင် ကျားမအများဆုံး ၇၀၀၀ကျပ်ထိရရှိသည်ကို တွေ့ရပါသည်။ မွေးမြူရေးလုပ်သားများမှာ ကျားမတစ်နေ့လျှင် အများဆုံး၃၀၀၀ကျပ် အနည်းဆုံး၂၅၀၀ကျပ်ရရှိပါသည်။ ပန်းရံလက်သမားစသည့်လုပ်ငန်းများ တွင်အများဆုံး၇၀၀၀ကျပ်နှင့် အနည်းဆုံး၃၅၀၀ကျပ်ရရှိ၍ ၎င်းတို့၏ ဝင်ငွေကွာဟချက်များသည် ခွန်အားစိုက်ထုတ်ခြင်းနှင့် အတတ်ပညာရပ်များအလိုက် ကွာဟခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိပါ သည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၀.၁ | သင့် | ရ | |
| ယာမြေ /တောင်ယာ | ၅၀၀.၉၆ | သင့် | - | မိုးရေ |
| ဥယျာဉ်ခြံမြေ | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၁.၀၀ | သင့် | - | မိုးရေ |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | ၇.၁၅ | ကောင်း | - | မိုးရေ |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၅၁၇.၄၁** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုများမှာ ယာမြေ၅၀၀.၉၆ဧကရှိပြီး မြေဆီလွှာ အရည်အသွေးသင့်တင့်သော အနေအထားရှိပြီး လယ်မြေ ၁၀.၁၀ဧကရှိပါသည်။ ယခင်က လယ်ဧကများရှိသော်လည်း ရေမရရှိတော့သဖြင့် ယာပြောင်း၍ လုပ်ကိုင်ခြင်းကြောင့် လယ်ဧကနည်းသွားခြင်းဖြစ်ပါသည်။ နှစ်ရှည်သီးနှံ၁ဧကရှိပြီး ကိုင်းမြေမှာ ၇.၁၅ဧကရှိပါသည်။ ယခင်မြစ်ရေတင်စီမံကိန်းရှိသော်လည်း ရေမအောင်တော့သဖြင့် မိုးရေကိုသာ အဓိကထားပြီး စိုက်ပျိုးနေရခြင်းဖြစ်ပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ(အစိုးရပိုင်) |
| အခြား ရင်းမြစ်များ | မရှိ | |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာ၏ယာမြေဧရိယာအတွင်းတွင် ရေနံနှင့်သဘာဝ ဓါတ်ငွေ့များထွက်ရှိနေသည်ကို တွေ့ရပါသည်။ ကိုယ်ပိုင်တူးဖော်ခွင့်မရှိ၊ အစိုးရပိုင်များရှိပါ သည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များနည်းပါးသွားခြင်းများမှာ ပိုက်များဖြင့် ငှက် များဖမ်းယူခြင်း များရှိနေသည်ကိုလည်း တွေ့ရပါသည်။ အိမ်မွေးတိရစ္ဆာန်များသာရှိ၍ သဘာဝအပင်မျိုးစိတ်များ လည်းမွေးမြူရေးလုပ်ကိုင်ခြင်းများကြောင့် တစ်နှစ်တစ်နှစ်နည်းလာသည်ကိုလည်းတွေ့ရပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ သဘာဝအပင်မျိုးစိတ်များသည် လူတို့၏ စားဝတ်နေရေးကိစ္စများ ကြောင့် ဝင်ငွေရလုပ်ငန်းများကြောင့် နည်းပါးသွားခြင်းဖြစ်ပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကအထက် | ၁၀ဧကအထက် | မြေယာမဲ့ | ထိခိုက်လွယ် |
| အိမ်အခြေအနေ | တိုက်/အိမ်ကြီး အိမ်ကောင်း | လေးပင်/သုံးပင် | သုံးပင်/သုံးပင် အနိမ့် | မြေစိုက်တဲ/ ထန်းရွက်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ ခြွေလှေ့ စက်၊မြက်စဉ်းစက် လှည်း၊ နွား၊ ထွန် တုံးများ | လှည်း၊နွား၊ ထွန် တုံးများ | တူရွင်း၊ ပေါက် ပြား၊ ဂေါ် | တူရွင်း |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | EVD/TV/ ဆိုင်ကယ်/ဖုန်း | ဆိုင်ကယ်/ဖုန်း/ TV | ဖုန်း | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | နေ့စား/အငှား | နေ့စား/အငှား |
| အခြားပိုင်ဆိုင်မှု | ကား၊သုံးဘီး | - | - | - |
| အိမ်ထောင်စု - | (၁၁.၇၅ %) | (၃၂.၀၃ %) | (၄၂.၁၄ %) | (၁၃.၄၈ %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေကို ယာမြေပိုင်ဆိုင်သူ ၁၀ဧကနှင့်အထက် အဆင့်၁ အဆင်ပြေသော အိမ်ထောင်စု၊ ၁၀ဧကအောက် အဆင့်(၂)အသင့်အတင့်ပြေလည်မြေယာမဲ့လုပ်အားများ၊ ဝင်ငွေများသူအဆင့်(၃) လုပ်အားနည်း ဝင်ငွေနည်း ၊အဆင့်(၄)အလွန်ဆင်းရဲသူများဟူ၍ ခွဲခြားထားသော်လည်း အချို့ယာမြေရှိသော်လည်း အလွန်ဆင်းရဲနေသည်ကို တွေ့ရသည်။အချို့မှာ မြေမရှိသော်လည်း အဆင့်(၂)အသင့်အတင့် ပြေလည်နေသည်ကိုလည်းတွေ့ရပါသည်။ ကျေးရွာတွင် အဆင့်(၄)ဆင့်ခွဲခြားထားသော်လည်း အိမ်ထောင်စု၉၀%သည် အကြွေးများရှိနေသည်ကို တွေ့ရပါသည်။ အိမ်ထောင်စု၁၀%သာလျှင် အကြွေးကင်း၍ လည်ပတ်နေသည်ကို တွေ့ရပါသည်။ ဓနအဆင့်ခွဲခြားဇယားနှင့် အိမ်ထောင်စု ကွာဟချက်များသည် မသန်မစွမ်းနှင့် မှီခိုနေရသူများဖြစ်၍ အိမ်ထောင်စုဇယားမရှိသူများကို ထည့်တွက်ထားခြင်းကြောင့်ဖြစ်ပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂၈ | ၉၆.၅% | ကြိုတင်ယူငွေ/အတိုးချေးငွေ |
| ၃ လနှင့် ၆ လအောက် | ၁ | ၃.၅% | ထောက်ပံ့/ကြိုတင်ယူငွေ/ချေးယူငွေ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၆ လ မှ ၁၂ လ အထိ | | | |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ အဆင့်(၃နှင့်၄)ကောက်ယူရာတွင် ဝမ်းစာဖူလုံမှုအိမ်ထောင်စု(၂၈)စု သည် အချိန်ကာလ၃လအောက်သာခံနိုင်ပြီး အတိုးငွေလုပ်အားကြိုတင်ငွေယူကာ စားဝတ်နေရေးကို ဖြေရှင်းနေရသည်ကို တွေ့ရပါသည်။ ၃လနှင့်၆လအောက် အိမ်ထောင်စု(၁)စုကောက်ယူရာတွင် အထောက်အပံ့ကြိုတင်ယူငွေ ချေးယူငွေတို့ဖြင့် မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေရသည်ကို တွေ့ရပါသည်။အဆင့်(၃နှင့်၄)အိမ်ထောင်စုများသည် ရာသီဥတုဖောက်ပြန်ခြင်း၊ အလုပ်အကိုင် ရှားပါးသောလများတွင် မိသားစုစားဝတ်နေရေးအတွက် လုပ်အားကြိုတင်ငွေ အတိုးဖြင့် ချေးငွေ အခြားနယ်များသို့ သွားရောက်ရှာဖွေလုပ်ကိုင်၍ ဝမ်းစာကို ဖြေရှင်းနေရပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၅ | ၁၁ | ၁၆ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၇ | ၉ | ၁၆ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၅ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁၀ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို၆၀နှစ်အထက် ၁၆ဦးရှိပြီး မသန်စွမ်း၁၆ဦးရှိပါသည်။ သက်ကြီးရွယ်အို ၁၆ဦးအား နီးစပ်ရာအိမ်များမှ ထောက်ပံ့ခြင်းမိသားစုမှ အချိန်ပြည့်မထောက်ပံ့မပြုစုနိုင်သူများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။မသန်မစွမ်းမှာလည်း ပတ်ဝန်းကျင်နှင့် မိသားစုတို့မှ အချိန်ပြည့် မစောင့်ရှောက်နိုင်သူများကို ဖော်ပြထားပါသည်။ အမျိုးသမီးဦးဆောင် ဆင်းရဲအိမ်ထောင်စု၁၀စု နှင့် မုဆိုးဖို၊ တစ်ခုလပ်၅စုရှိပါသည်။ အခြားဒေသသို့သွားရောက်နေထိုင်သူအိမ်ထောင်စု၁၆စုရှိပါ သည်။ ဇယားတွင် ဖော်ပြထားသူများသည် ဇီးဖြူကုန်းကျေးရွာ၏ ကူညီစောင့်ရှောက်မှုအထူး လိုအပ်သော ထိခိုက်လွယ်မိသားစုများဖြစ်နေသည်ကို တွေ့ရပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် | ငွေပိုမရှိ/ တစ်နေ့လုပ်တစ်နေ့စား |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | တိုးချဲ့မြေမရှိ |
| ၃ | ရေကြီးခြင်း | လတ် | မြစ်ကမ်းဘေးတွင်ရှိခြင်း/ကမ်းပါးပြိုခြင်း |
| ၄ | မိုးခေါင်ခြင်း | လတ် | |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | အပူပိုင်းဒေသ/မြန်မာနိုင်ငံအလယ်ပိုင်း |
| ၆ | မုန်တိုင်း | နိမ့် | ကုန်းတွင်းပိုင်းဖြစ်/ပင်လယ်နှင့်ဝေးခြင်း |
| ၇ | ငလျင် | နိမ့် | မြေငလျင်လှုပ်ခတ်မှုနည်းခြင်း |
| ၈ | မီးဘေး | လတ် | အပူပိုင်းဒေသ |
| ၉ | ဆားငန်ရေဝင်မြေ | | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | ဓါတုဆိုးကျိုးများခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | အုတ်ဖုတ်ရန်အတွက် ထင်းခုတ်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ဒေသလူမျိုးများရေမြေနှင့်ကိုက်ညီခြင်း |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | ကာကွယ်ဆေးထိုးသည့်သူနည်းခြင်း |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | | ရေပုပ်/ရေအိုင်များရှိနေခြင်းကြောင့် |
| ၁၉ | အခြား | မြင့် | ခြင်ပေါက်ဖွားနှုန်းကိုမထိန်းသိမ်းနိုင်ခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာ၏ ထိခိုက်လွယ်မှုများသည် ငွေပိုငွေလျှံ မရှိ၍ ဝမ်းစာဖူလုံမှုမြင့်မား၊ တိုးချဲ့စရာမြေမရှိ၍ မြေယာရှားပါး၊ အပူပိုင်းဒေသဖြစ်၍ မီးဘေး အန္တရာယ်စိုးရိမ်ရ၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မြေပြိုခြင်း မြေဆီလွှာများပျက်စီးခြင်းနှင့် တိရိစ္ဆာန်ကူးဆက်ရောဂါများဖြစ်ပေါ်လေ့ရှိပါသည်။ အများဆုံးကြုံတွေ့ရသောအကြောင်းရင်းမှာ မြစ်ရေတက်သောအခါရွာသည် မြစ်ကမ်းနားဘေးရှိနေသောကြောင့် ကမ်းပါးပြိုခြင်း၊ မိုးများသော အခါ ရွာသည် ချောင်းဘေးတွင်တည်ရှိ၍ ချောင်းကမ်းပါးပြိုခြင်းကို နှစ်စဉ်ခံစားနေရ၍ အိမ်များ နှစ်စဉ်ရွှေ့ပြောင်းနေရပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်နေခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | ဝင်ငွေနည်း/နေ့စားလုပ်သားဖြစ် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ဝင်ငွေရလုပ်ငန်းရှားပါးခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | လတ် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | လတ် | အလွယ်တကူကူးစက်နိုင် |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | လတ် | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | | |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | ကိုင်ပိုင်လုပ်ငန်းမရှိ |
| ၁၁ | လူနည်းစုလူမျိုးများ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် | စစ်ဘေး |
| ၁၄ | ရွှေတွင်းလုပ်သား | | |
| ၁၅ | ဆေးစွဲသူများ | | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | မြင့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံနိုင်သူအများစုမှာ မြေယာမဲ့ဆင်းရဲသားတောင်သူဆင်းရဲသည့် အိမ်ထောင်စုနှင့် အမျိုးသမီးဦးဆောင်အိမ်ထောင်စုထိခိုက်လွယ်မိသားစုများဖြစ်ကြပါသည်။ လူငယ်အများစုသည် ဝင်ငွေရလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါနေသောကြောင့် ထိခိုက်သက်ရောက်မှုလတ်နေရာတွင် ထားခြင်းဖြစ်ပါသည်။ လက်လုပ်လက်စားကျပန်းအလုပ်သမားများသော ကျေးရွာတစ်ရွာဖြစ်၍ သဘာဝဘေး၊ အခြားအကြောင်းကြောင့် ဖြစ်တတ်သော အန္တရာယ်များကြောင့် ထိခိုက်သက်ရောက်မှုအများဆုံးကြုံတွေ့နိုင်သော ကျေးရွာဖြစ်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | သမအဖွဲ့ | ၁ | ၄၀ | ၁၄ | ၅၄ | စိုက်/မွေး | မြို့နယ် | ၆ |
| ၂ | Pact | ၁ | ၁၂ | ၆၀ | ၇၂ | စိုက်/မွေး | ၅ | ၇ |
| ၃ | NAG | ၁ | ၇၇ | ၇၅ | ၁၅၂ | ဖွံ့ဖြိုးရေး/ ငွေစုချေး | ၅ | ၆ |
| ၄ | လူငယ်အဖွဲ့ | ၂/၃ | ၃၀ | - | ၃၀ | လူမှုရေး/ ဘာသာရေး | ၄ | ၆ |
| ၅ | အမျိုးသမီး | ၂/၃ | - | ၂၅ | ၂၅ | လူမှုရေး/ ဘာသာရေး | ၄ | ၆ |
| ၆ | ကလေးသူငယ် | ၂ | ၁၇ | ၅၀ | ၆၇ | စိုက်/မွေး/ ကျန်းမာရေး | ၅ | ၇ |
| ၇ | တောင်သူအဖွဲ့ | ၁ | ၁၅ | ၂၀ | ၃၅ | စိုက်ပျိုးရေး | ၅ | ၆ |
| ၈ | မွေးမြူရေး | ၁ | ၁၀ | ၁၅ | ၂၅ | မွေးမြူရေး | ၄ | ၇ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် Pact သည်စီးပွားရေးပြင်ပအဖွဲ့အစည်းဖြစ်၍ ရွာတွင်းရှိ Pact သည် လည်ပတ်ရန်ပုံငွေလည်ပတ်နေခြင်း ဖြစ်သည်။ ကလေးသူငယ်အဖွဲ့များလည်းကျေးရွာအတွင်း လှည့်ပတ်ရန်ပုံငွေစလည်ပတ်နေခြင်း ဖြစ်၍ စာရင်းဇယားများရှိနေသည်ကို တွေ့ရပါသည်။ အခြားဝတ်အသင်းများလည်းရှိ၍ လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့များသည် ဘာသာရေး၊ သာရေးနာရေးများတွင် အဓိကလုပ်ကိုင်ပေးပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact-Myanmar | ၇ | ငွေစုငွေချေးပေးခြင်း |
| ၂ | Save the children | ၂ | ကိုယ်ဝန်ဆောင်မိခင်/၅နှစ်အောက်ကလေးကျန်းမာရေး |
| ၃ | ရွှေညာသားCSO | ၃/၆ | ဒေသဖွံ့ဖြိုးရေး |
| ၄ | NAG | ၂ | စိုက်/မွေးမြူ/စွမ်းဆောင်ရည်မြှင့်တင် |
| ၅ | ချစ်သောမြန်မာ | ၂ | စိုက်ပျိုးရေး |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ Save the childrenအဖွဲ့ဖွဲ့စည်းရေးဝင်ပြီး၍ ကော်မတီဖွဲ့ကျန်ခဲ့၍ ကော်မတီမှ ဆောင်ရွက်၍ အဖွဲ့သည် ငွေချေးငွေစုလုပ်ကိုင်နေသည်ကို တွေ့ရပါသည်။ NAG ၊ချစ်သောမြန်မာ၊ရွှေညာသားCSO အဖွဲ့များလက်ရှိ ကျေးရွာအတွင်း ဝင်ရောက်လုပ်ကိုင်နေသော အဖွဲ့များဖြစ်ပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၈ | ၅၉.၀၃% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၉ | ၅.၄၂% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၂၄ | ၁၄.၄၅% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၂၅ | ၁၅.၀၆% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁၀ | ၆.၀၄% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၆၆** | **၁၀၀%** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာအတွင်း မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု၆၈စုရှိပါသည်။ မြေယာမဲ့၉၈အိမ်ထောင်စုရှိပြီး ယာမြေပိုင်ဆိုင်သော အိမ်ထောင်စု၆၈စု အနက် ၅ဧကအောက်တောင်သူနှင့်၂.၅ဧကအောက် တောင်သူ၃၃အိမ်ထောင်စု၅ဧကနှင့် ၁၂ဧကကြား ၂၅စု ၁၂ဧကအထက်တောင်သူ၁၀အိမ်ထောင်စုရှိသည်ကို တွေ့ရပါသည်။

## (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | မိုးရေ | | ရာသီအလိုက် | မရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် မိုးရေကို အဓိကထား၍ စိုက်ပျိုးသော ကျေးရွာဖြစ်၍ စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ ထို့ကြောင့်စိုက်ပျိုးသီးနှံအများစုသည် လောင်းကစား သီးနှံအဖြစ်တင်စားခေါ်ဝေါ်ကြပါသည်။ ထို့ကြောင့် ကျေးရွာရှိတောင်သူအများစုသည် စီးပွားရေး အစဉ်ပြေမှုမရှိကြပါ။ မိုးကောင်းလွန်းလျှင်လည်း ပျက်စီးပြီး မိုးနည်းလွန်းလျှင်လည်း သီးနှံများ ပျက်စီးဆုံးရှုံးမှုနှစ်စဉ်လိုလိုကြုံတွေ့ရပါသည်။ တစ်ချိန်က မြစ်ရေတင်စီမံကိန်းရှိခဲ့ပြီး အဆင်ပြေ ခဲ့ပေမဲ့ မြစ်ရေတင်မရှိခဲ့တာ(၁၀)နှစ်နီးပါးရှိခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ကျေးရွာသည် အလွန်ဆင်းရဲလွန်းပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၅၁၅.၄၁ | တင်း | ၃ | ၇ | ၅ | ၅လ | ၉လ | လတ် | လတ် | - |

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| မြေပဲ | ၁၅၀ | တင်း | ၂၀ | ၅၀ | ၃၅ | ၉လ | ၁၂လ | မြင့် | နိမ့် | - |
| ပဲတီစိမ်း | ၁၀၀ | တင်း | ၄ | ၁၅ | ၉ | ၉လ | ၁၂လ | မြင့် | နိမ့် | |
| ပဲစဉ်းငုံ | ၁၅၀ | တင်း | ၃ | ၁၀ | ၆ | ၅လ | ၁လ | နိမ့် | မြင့် | သီးညှပ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာတွင် နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ဝါ ၊ ပဲကြီးတို့ကို အဓိကစိုက်ပျိုးပြီး သွင်းအားစုကိုထည့်သွင်းရာတွင် မိမိ၏ စီးပွားရေးကို ချိန်ဆ၍ ထည့်သွင်းရခြင်း၊ မိုးရေကို အဓိကမှီခိုရခြင်းများကြောင့် အရည်အသွေးပြည့်မီမှုနည်းပြီး ထွက်နှုန်းမှာ စိုက်ပျိုးဌာနမှ သတ်မှတ်ထားသောစံချိန်များနှင့် များစွာကွာဟနေပါသည်။ ရာသီဥတုဖောက်ပြန်မှု၊ လုပ်သမားခမြင့်တက်မှုများကြောင့် သီးနှံ၏ ထွက်နှုန်းများထိခိုက်၍ အမြတ်ရရှိနိုင်မှုသည် သီးနှံ၏ ဈေးကွက်ကို များစွာအခြေခံနေသည်ကိုလည်း တွေ့ရှိရပါသည်။ တောင်သူများ၏ ထွက်နှုန်းထားရောင်းချရန်နှင့် လုပ်သားရှားပါး၍ ကုန်ကျစရိတ်မြင့်မားခြင်းတို့ကို နိုင်ငံတော်မှ ကောင်းမွန်သော ဈေးကွက်အာမခံစနစ်ဖြစ်ပေါ်စေရန် လေ့လာတွေ့ရှိအကြံပြုအပ်ပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၁ | | | | | ၁၀ | မြင်းကောင်ရေသေး |
| လက်တွန်းထွန်စက် | ၁ | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | ၃ | | | | | | |
| ရေစုပ်စက် | ၃ | | | | | ၆၈ | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | | | | ၂ | | ၃၀ | |
| အခြား | ၁၁ | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာများ အလွန်နည်းပါးပါသည်။ ထွန်စက်အသေးစား ၁စီးသာရှိပြီး အခြားကျေးရွာများမှ ငှားရမ်းသုံးစွဲနေရပါသည်။ ခြွေလှေ့စက်တစ်မျိုးသာလုံလောက်မှုရှိပြီး အခြားရိတ်သိမ်းခြွေလှေ့စက်များလိုအပ်နေပါသည်။ နှမ်းရိတ်စက်၊ ပဲစွပ်စက်၊ ထွန်စက်များလည်း ကျေးရွာတွင် လိုအပ်နေပါသည်။ ရွာပိုင်မြက်ရိတ်စက်၂ခုရှိပြီး အဓိက လိုအပ်နေသော ထွန်စက်ကို ငှားရမ်းခြင်းဖြင့် ဖြေရှင်းနေရပါသည်။ တစ်ဧကထွန်စက်မောင်းခမှာ၁၅ဂဂဝိကျပ်ထိရှိပါသည်။ ငွေကြေးမလုံလောက်သောကြောင့် ထွန်စက်မငှားရမ်းနိုင်သော တောင်သူများမှာ စိုက်ပျိုးချိန်အမြဲနောက်ကျ၍ ထွက်နှုန်းထိခိုက်လျှက်ရှိပါ သည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | စိုက်ပျိုးမြေတိုးချဲ့ရန်မရှိသော်လည်း ရှိနေသော ယာမြေများအား မြေဆီသြဇာ ကောင်းမွန်ရန် လုပ်နိုင်ပါသည်။ |
| ရေရင်းမြစ် | မြစ်ရေတင်စီမံကိန်းလုပ်ဆောင်ခြင်း၊ အဝီစိတွင်းများတူးဖော်နိုင်ပြီး စိုက်ပျိုး နိုင်ခြင်း |
| သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာ | နွားချေး၊ ဆိတ်ချေး၊ မြေဆွေးရှိပါသည်။ အော်ဂဲနစ်မြေသြဇာအနေဖြင့် မြို့များတွင် ဝယ်ယူရရှိနိုင်ပါသည်။ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | အော်ဂဲနစ်/ဓာတုပိုးသတ်ဆေးများကို အလွယ်တကူဝယ်ယူနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | သမနှင့် NAGမှ ရရှိနိုင်ပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ပြင်ပအဖွဲ့အစည်းများရှိသော်လည်း တောင်သူအားလုံးမရရှိနိုင်ပါ။ စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ထားနိုင် |
| သွင်းအားစုဈေးကွက် | မကွေး၊ မင်းဘူး ၁၂မိုင်ဝေး |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မကွေးဈေးကွက်+မင်းဘူးဈေးကွက် |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အခွင့်အလမ်းများရှိနေပါသည်။ မြေဧကပိုင်ဆိုင်ထားသော ယာမြေအားလုံးကို မြေဆီလွှာကောင်းမွန်အောင် ပြုပြင်နိုင်ရန်အခွင့်လမ်းများရှိနေပါသည်။ (ငွေကြေးပြည့်စုံဖို့လိုအပ်) ရေအရင်းအမြစ်ရရှိအောင် မြစ်ရေတင်စီမံကိန်းဒေသအတွင်းရှိနေပါသည်။ ဧရာဝတီမြစ်နှင့် နီး၍ မြစ်ရေကိုလည်း အသုံးချနိုင်ပါသည်။ အဝီစိရေတွင်းများတူးဖော်၍လည်းဆောင်ရွက်နိုင်ပါသည်။ သဘာဝမြေဆွေးပြုလုပ်သုံးစွဲနိုင်ရန် တိရိစ္ဆာန်စွန့်ပစ်ပစ္စည်းနှင့် မြက်အမှိုက်ရှိ၍ သဘာဝမြေဆွေးပြုလုပ်ရန် အခွင့်လမ်းများရှိနေပါသည်။ နည်းပညာအနေဖြင့် NGO အဖွဲ့များမှ သင်တန်းများပေးထား၍ တစ်ရွာလုံးနည်းပညာများရရှိရန် စိုက်ပျိုးရေးဌာနများနှင့်ချိတ်ဆက်ထားနိုင်ခဲ့ပါသည်။ သွင်းအားစုဈေးကွက်များနှင့်လည်း ငွေကြေးပြည့်စုံပေမဲ့အလွယ်တကူ ဝယ်ယူနိုင်ပါသည်။ ယာမြေထွက်သီးနှံများရောင်းချရန် မင်းဘူး-မကွေးဈေးကွက်များနှင့်လည်း အလွယ်တကူ ရောင်းချနိုင်သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေလွတ်မြေရိုင်းမရှိပါ |
| မြေဆီသြဇာ အခြေအနေ | ဓာတုမြေသြဇာအလွန်အကျွံ သုံးခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ပုံစံ(၇)မရရှိသဖြင့် စိုက်ဘဏ်မှ ချေးငွေမရ/ပြင်ပချေးငွေအတိုးနှုန်းမြင့်အားစွာပေးရခြင်း |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | သွင်းအားစုဈေးနှုန်းများကြီးမြင့်ခြင်း/စီးပွားရေးအစဉ်မပြေ၍ မဝယ်ယူနိုင်ခြင် |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | ဝင်ငွေနည်းသောကြောင့်အခြားအရပ်သို့ သွားရောက်လုပ်ကိုင်ခြင်း၊ သီးနှံဈေးကွက်မကောင်းခြင်းကြောင့် လုပ်သားအခွင့်အလမ်းများမပေါ်နိုင် |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မြစ်ရေတင်စီမံချက်မှ စက်ကိရိယာမကောင်းခြင်း၊ မြောင်းမကောင်းခြင်း အဝီစိရေတူးဖော်ခွင့်မရရှိခြင်း |
| စိုက်ပျိုးရေ မလုံလောက်မှု | မိုးရေသာသုံးစွဲခြင်းကြောင့် ရေလုံလောက်မှုမရှိပါ |
| ဖျက်ပိုးနှင့် ရောဂါ | ရာသီဥတုဖောက်ပြန်ခြင်း/အရည်အသွေးမမီသော ဓာတုဆေးများသုံးစွဲရခြင်း |
| ဈေးကွက် လက်လှမ်းမီမှု | ဈေးကောင်းမရပါ။ ပွင့်လင်းမြင်သာမှုမရှိပါ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာရရှိသော်လည်း အကန့်အသတ်ရှိနေသော ကြောင့် တောင်သူအားလုံးမသိရှိနိုင်ပါ။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် သီးနှံထုတ်လုပ်မှုပြဿနာနှင့်စိန်ခေါ်မှုများမှာ ယာမြေတိုးချဲ့ရန် မြေလွတ်မြေရိုင်းမရှိခြင်း၊ ယာမြေအချို့မှာ ရေနံဇရိယာထဲတွင် ပါဝင်နေခြင်း၊ သွင်းအားစုပြည့်မီအောင်မထည့်နိုင်ခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် နှစ်စဉ်ပိုးမွှားရောဂါများ ကျရောက်ခြင်း၊ နည်းပညာရှိသော်လည်း ဈေးကွက်အာမခံမှုမရှိခြင်းကြောင့် နည်းပညာအတိုင်း မကျင့်သုံးနိုင်ခြင်း၊ နည်းပညာသိရှိသူ၊ ရာနှုန်းပြည့်မသိခြင်း၊ထွက်ရှိလာသော သီးနှံဈေးကွက်ကို ကုန်သည်များ၏ ဈေးအနှိမ်ခံရခြင်းများသည် တောင်သူတိုင်း၏ အဓိကပြဿနာစိန်ခေါ်မှုတို့ ဖြစ်ပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

## (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၈၁ | ၂၂၅ | |
| နို့စားနွား | | | |
| မြင်း | | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |
| ဆိတ် | ၈ | ၃၅ | |
| သိုး | | | |
| ဝက် | ၁၃ | ၁၇ | |
| ကြက် | ၈၁ | ၃၁၈ | |
| ဘဲ | ၁ | ၂ | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ပါသည်။ ယာလုပ်တောင်သူများသည် ခိုင်းနွားအပြင် မွေးနွားမများ တွဲဖက်မွေးမြူကြပြီး မြေယာမဲ့များကလည်း နွား၊ ဝက်၊ ကြက်တို့ကို တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ ဆိတ်မွေးမြူရေးကို စုပေါင်း၍ မွေးခြင်းများလည်းရှိပါသည်။ နွားကောင်ရေ၂၂၅ကောင်တွင် ခိုင်းနွား ၁၆၃ ကောင်၊ နွားမ၆၂ကောင်ရှိသည်ကို တွေ့ရပါသည်။ နွားမသုံးကောင်၏တန်ကြေးသည် ခိုင်းနွား ၁ကောင်၏တန်ကြေးနှင့်ညီမျှနေသည်ကိုလည်း တွေ့ရပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စိုက်ပျိုးပြီးချိန်လယ်ယာကွင်း/ချောင်းဘေး၊ မြောင်းဘေး |
| ရေရရှိမှု | ကန်ရေ၊ မြစ်ရေ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | |
| ချေးငွေ | မွေးသမ/ကျေးရွာလည်ပတ်ငွေ |
| သွင်းအားစု ဈေးကွက် | မြို့နယ်တိကု/ဆေးဆိုင်(မြို့နယ်) |
| ဝန်ဆောင်မှု ဈေးကွက် | မရှိ |
| ထုတ်ကုန် ရောင်းဝယ်မှု | သီးသန့်ဈေးကွက်မရှိ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | ရွာတွင် ကိုယ်ပိုင်လုပ်နိုင်သော နေရာများရှိ |
| အခြား | |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | |
| ဈေးကွက် | |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| ထုတ်ကုန် ရောင်းဝယ်မှု | |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများလည်းရှိနေပါသည်။ စားကျက်မြေများရှိခြင်း၊ သောက်သုံးရေကန်များရှိခြင်း၊ မြစ်ရေနှင့် ကျေးရွာအတွင်း မွေးမြူရေးခြံများဆောက်ရန် မြေနေရာကျယ်ဝန်းသောအိမ်ဝိုင်းများရှိခြင်း၊ မြို့နယ်တိကုနှင့် ချိတ်ဆက်မှုရှိခြင်း၊ သွင်းအားစုများဝယ်ယူနိုင်ရန် ဆေးဆိုင်၊ မြို့နယ်တိကုအဖွဲ့အစည်းများရှိနေခြင်း၊ ကြက်ခြေပြာသင်တန်းသားများခေါ်ယူ၍ သင်တန်းပေးခြင်းများလည်းရှိနေပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးကွက် ရရှိနိုင်မှု | ရရှိသော်လည်း လုံလောက်မှုမရှိပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကာကွယ်ဆေးထိုးရန်အသိမရှိပါ။ ရာသီဥတုဖောက်ပြန်ခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မြို့နယ်တိကုရှိသော်လည်း ချိတ်ဆက်မှုအခွင့်အလမ်းမရှိ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မူဝါဒပိုင်းဆိုင်ရာ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ဈေးကွက် ရရှိနိုင်မှု | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးအတွက် ပြဿာနာနှင့် စိန်ခေါ်မှုများလည်းရှိနေပါသည်။ ဈေးကွက်လုံလောက်စွာမရရှိခြင်း၊ ကာကွယ်ဆေးထိုးရန် အသိမရှိခြင်း၊ မြို့နယ်တိကုရှိသော်လည်း ချိတ်ဆက်မှုအားနည်းခြင်း၊ ဈေးကွက်စနစ်ပီပြင်မှုမရှိခြင်း၊ မူဝါဒပိုင်းဆိုင်ရာ အားနည်းခြင်းတို့သည် မွေးမြူရေးလုပ်ငန်းအတွက် စိန်ခေါ်မှုများဖြစ်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

## (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | ၁ | - | ၂ | လတ်၊ ကိုယ်ပိုင်လက်ယက်တွင်း(ရေနံ) |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၃ | - | ၃ | ရွာတွင်စက်ချုပ်သူနည်းခြင်း ပုံမှန်ဝင်ငွေရရှိနေခြင်း |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၇ | - | ၇ | ဈေးရောင်းသူအသင့်အတင့်ရှိသော်လည်း မြို့သို့ သွားရောက်ဝယ်စားသူနည်းခြင်း |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၃ | ပညာရေး | ၂ | ၂ | - | လတ်၊ ပုံမှန်ဝင်ငွေရှိနေခြင်း |
| ၁၄ | ကျန်းမာရေး | ၂ | ၂ | - | လတ်၊ ရွာတွင် ကျန်းမာရေးလုပ်သားနည်းခြင်း |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာရှိ စိုက်/မွေးမဟုတ်သော စီးပွားရေးလုပ်ငန်းများတွင် ဈေးရောင်း(၇)၊ အပ်ချုပ်(၃)၊ ရေနံလက်ယက်(၂)၊ ဝန်ထမ်း(၂)၊ ကျန်းမာရေးလုပ်သား(၂)ဦးစသည်တို့တွေ့ရှိရပါသည်။ ဈေးရောင်းသည့် အိမ်ထောင်စုများ စီးပွားရေးအသင့်အတင့်ပြေလည်မှုရှိနေသည်ကို တွေ့ရပါသည်။ ကျေးရွာအတွင်း အတန်းပညာနှင့်အတတ်ပညာအားနည်းခြင်းကြောင့် နိုင်ငံဝန်ထမ်းနည်းခြင်း၊ အခြားစက်မှုလက်မှုဝင်ငွေရလုပ်ငန်းများမရှိခြင်းတို့ကို တွေ့ရပါသည်။ စိုက်/မွေးမဟုတ်သော အခြားဝင်ငွေရအသက်မွေးဝမ်းကျောင်းလုပ်ငန်းများနည်းပညာများရရှိအောင် ပံ့ပိုးပေးနိုင်လျှင် မိသားစုဝင်ငွေရလုပ်ငန်းများပေါ်ထွက်လာပြီး ကျေးရွာဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဆိုင်ကယ်ပြင် | ဆိုင်ကယ်များရှိနေသဖြင့် ဝင်ငွေအသင့်တင့်ရှိ |
| စက်ချုပ် | ကျေးရွာအတွင်းအပ်ထည်များရှိနေ၍ ဝင်ငွေအသင့်တင့်ရှိ |
| ဈေးသည် | ရွာတွင် ဈေးဆိုင်များသည် လူဦးရေအချိုးအစားနှင့်မျှတသဖြင့် ဝင်ငွေအသင့်တင့်ရှိ |
| ခြင်းတောင်းယက် | စိုက်ပျိုးရေးနှင့် အခြားနေရာများတွင် အသုံးဝင်နေခြင်းကြောင့်ဝင်ငွေရရှိ |
| လက်သမား | နေအိမ်များနှစ်စဉ်ပြုပြင်နေရသောကြောင့် ဝင်ငွေအသင့်တင့်ရရှိ |
| ပန်းရံ | အဆောက်အဦးများနှစ်စဉ်ဆောက်လုပ်နေခြင်းကြောင့် ဝင်ငွေရရှိ |
| ယက်ကန်း | အပ်ထည်များရှိနေခြင်းကြောင့် ဝင်ငွေအသင့်တင့်ရရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ

လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်လမ်းများလည်း ဇီးဖြူကုန်းကျေးရွာတွင်ရှိနေပါသည်။ ဆိုင်ကယ်ပြင်၊ စက်ချုပ်စျေးသည်နှင့် လက်မှုပညာဖြစ်သော ခြင်းတောင်းယက်၊ လက်သမား၊ ပန်းရံ၊ ယက်ကန်းလုပ်ငန်းလည်း ကျေးရွာလူဦးရေနှင့် ကိုက်ညီနေသော ကြောင့် ဝင်ငွေအသင့်အတင့်ရရှိနေပါသည်။ အခြားလက်မှုစက်မှုပညာများရရှိလျှင်လည်း ကျေးရွာတွင် အသုံးချ၍ ဝင်ငွေရလုပ်ငန်းများပေါ်ထွက်လာနိုင်ပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| စက်ရုံအလုပ်ရုံမရှိခြင်း | လမ်းပန်းဆက်သွယ်ရေးကောင်းပြီး၊ မဖွံ့ဖြိုးခြင်း(မူဝါဒ) |
| ဆိုင်ကယ်၊စက်ချုပ်၊ ပန်းရံ ကျွမ်းကျင်မှုအားနည်း | ငွေကြေးမလုံလောက်သောကြောင့်မြို့သို့ သွားရောက်သင်ကြားနိုင်ခြင်းမရှိ |
| တောင်သူလုပ်ငန်းပုံမှန်အလုပ်မရှိ | ပုံမှန်အလုပ်မရှိသောကြောင့် တွဲဖက်အလုပ်များလုပ်ကိုင်ရန် နည်းပညာပေးဖွဲ့ချိတ်ဆက်နည်း |
| အလုပ်ပုံမှန်မရှိခြင်း | စိုက်ပျိုးရာသီချိန်တွင် အလုပ်ပေါများ |
| | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်/မွေးမဟုတ်သောစီးပွားရေးလုပ်ငန်းများမှာ ကျွန်တော်တို့ဇီးဖြူကုန်းရွာတွင် အလွန်နည်းပါးလွန်းပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်းသော် မူဝါဒပိုင်းဆိုင်ရာများကြောင့် စက်ရုံအလုပ်ရုံမရှိပါ။ စက်မှုလက်မှုလုပ်ငန်းများအတွက် သင်ကြားရန် ငွေမရှိခြင်း၊ ရှိသော်လည်း မြို့များသို့သွားရောက်သင်ကြားရသောကြောင့် အစဉ်မပြေပါ။ တောင်သူလုပ်ငန်းပုံမှန်မရှိခြင်းကြောင့် အခြားဒေသကျေးရွာများသို့ ရာသီအလိုက် သွားရောက်လုပ်ကိုင်၍ စားဝတ်နေရေးကို ဖြေရှင်းရပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| **#** | **ပုံစံ** | **အိမ်ထောင်စု** | **လူဦးရေ** | | | **ပြည်တွင်း** | | | **ပြည်ပ** | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | **အရေအတွက်** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၂၁ | | | | | | | | | |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | ၂၉ | ၁၇ | ၁၂ | ၂၉ | ၁၂ | ၁၂ | ၂၄ | ၅ | - | ၅ |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | | | | | | | | | |
| | ၆ လ အထိ | | | | | ၁၀ | ၈ | ၁၈ | | | |

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | ၁၂ လ အထိ | | | | | ၂ | ၄ | ၆ | | | |
| | ၁၂ လ အထက် | | | | | | | | ၅ | - | ၅ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရခြင်း၏ အကြောင်းရင်းမှာ ပုံမှန်ဝင်ငွေလုပ်ငန်းမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းကြောင့် စီးပွားရေး အစဉ်မပြေ၍ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ အဓိကပြဿနာမှာ ကိုယ်ပိုင်ဝင်ငွေရလုပ်ငန်း(အတတ်ပညာ) မရှိခြင်းကြောင့် ပြည်တွင်းပြည်ပသွားရောက်လုပ်ကိုင်၍ မိသားစု၏ စားဝတ်နေရေးကို ဖြေရှင်းရခြင်းဖြစ်ပါသည်။ အိမ်ထောင်စုပြောင်းရွှေ့လုပ်ကိုင်သူ၂၁စုရှိပြီး ကျား၁၈ဦး မ၁၂ဦး၊ စုစုပေါင်း(၂၉)ဦးရှိပါသည်။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၂၉ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ပြောင်းရွှေ့သွားလာရခြင်း၏အဓိကအကြောင်းရင်းမှာ ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ တစ်နေ့တာဝင်ငွေဖြင့် မစားလောက်ခြင်းကြောင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့်ဝင်ငွေရအခွင့်အလမ်းများရှာဖွေရန် မိမိဒေသကျေးရွာမှ အခြားဒေသနှင့် ပြည်ပသို့ သွားရောက်အလုပ်အကိုင်ဝင်ငွေရှာဖွေခြင်းဖြစ်ပါသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂၁ | ၁၂.၆၅% | | | ✔ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | - ဘဏ် | | | | | |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | - | - | - |
| | -ငွေလွှဲလုပ်ငန်း၊လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| | - ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံ ဖြင့်လွှဲပို့ခြင်း | ၂၁ | | - | ✔ | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာမှ ပြောင်းရွှေ့လုပ်ကိုင်သူများသည် မိမိ၏ဝင်ငွေများကို ပြန်ပို့ရာတွင် အများဆုံးငွေလွှဲလုပ်ငန်းနှင့် ဘဏ်များမှ ပြန်လည်ပေးပို့ပါသည်။ ကျေးရွာရှိလူဦးရေနှင့်စာလျှင်၁၆%သာရှိခြင်းကြောင့် ပြည်တွင်းပြည်ပသွားရောက်လုပ်ကိုင်သူမှာ နည်းပါး ပါသည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | မကွေး(၁၂)မိုင် | မကွေး(၁၂)မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ဆိုင်ကယ်/ကား/သုံးဘီး | ကား |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | ရာသီထွက်၊ တောင်သူသီးနှံ လူသုံးကုန်ပစ္စည်းမျိုးစုံဝယ် | |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | ၂ထပ်၊ သွပ်မိုး၊RC | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာသည် မကွေးသို့(၁၂)မိုင်သာဝေး၍ အနီးဆုံးဈေးကွက်ဖြစ်ပါသည်။ မကွေးဈေးကွက်သို့ သုံးဘီးနှင့် အများဆုံးသွားပြီး ဆိုင်ကယ်၊ ကားဖြင့်လည်းသွားပါသည်။ မကွေးမြို့တွင် တောင်သူများ၏ ထွက်ကုန်များအတွက် ပွဲရုံများရှိ လူသုံးကုန်ပစ္စည်းမျိုးစုံဝယ်ရန်အတွက် ကုန်စုံဆိုင်မျိုးစုံလည်းရှိပါသည်။ အခြေခံအဆောက်အဦမှာ သွပ်မိုး၊ နှစ်ထပ်RCများဖြင့် အဆောက်အဦးများကို တွေ့ရှိရပါသည်။ ကျွန်တော်တို့ကျေးရွာ၏ အဓိကဈေးကွက်မှာမကွေးမြို့ဖြစ်ပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်) | ချေးငွေ | ၆လ | ၀.၆၇ကျပ် | | ပုံစံ(၇)မရှိခြင်း |
| ပုဂ္ဂလိကဘဏ် | | | | | |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမ ည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| ပုဂ္ဂလိက အသေး စား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ် | PCမြန်မာ ချေးငွေ | ၃လ၆လ | ၂% | | အဖွဲ့စည်း၏စည်းကမ်း ချက်များလိုက်နာမှုနည်း |
| ငွေချေးပေးသူ | အထွေထွေ သုံးစွဲရန် | ကန့်သတ် မရှိ | ၁၅.၂၀% | | |
| အပေါင်ဆိုင် | ချေးငွေ | ၃လ၆လ | ၂.၅% | ရွှေ | ယူချင်သလောက်မရ |
| မိတ်ဆွေနှင့် ဆွေမျိုးများ | ချေးငွေ | | ၁၀% | | |
| အခြား | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ငွေကြေးလက်လှမ်းမှီမှုမှာ ကျေးရွာတွင်သာဖြစ်ပြီး ကျေးရွာ လှည့်ပတ်ရန်ပုံငွေများမှ ရရှိသော်လည်း မလုံလောက်ပါ။ အခြားအပေါင်ဆိုင်တွင် ပစ္စည်းထားရှိ ပြီး ရယူနိုင်သော်လည်း ပစ္စည်း၏ တန်ဖိုးတစ်ဝက်လောက်သာ အများဆုံးရရှိပါသည်။ အခြား မိတ်ဆွေနှင့် ဆွေမျိုးများမှ ချေးယူရရှိနိုင်သော်လည်း အတိုးနှုန်းကြီးပါသည်။ အစိုးရဘဏ်မှ ပုံစံ(၇)မရှိ၍ ချေးငွေပေးမချေးပါ။ အတိုးနှုန်းအသက်သာဆုံးဖြစ်သော အစိုးရဘဏ်မှ ချေးငွေမရ ရှိခြင်းသည် ကျွန်တော်တို့ ဇီးဖြူကုန်းကျေးရွာ၏ အနစ်နာဆုံးတစ်ခုဖြစ်ပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် | ကုန်းစောင်းမြေနည်းခြင်း၊ ဓာတုဆေး များသုံးစွဲသော်လည်း သွင်းအားစုများ မြင့်၍ မသုံးစွဲနိုင်ခြင်း |
| အပင်မျိုးစိတ်များ | မြင့် | အိမ်၊လူတိုးတိရစ္ဆာန်စနစ်တကျမမွေး ခြင်း |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့် | ပိုးသတ်ဆေးများစနစ်တကျမသုံးစွဲနိုင် ၍မိတ်ဆွေပိုးများသေ |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ရေရှင်းမြစ် | မြင့် | မိုးရေကိုမှီ၍ စိုက်ပျိုးရသောကြောင့် မိုးခေါင်လျှင်သီးနှံထုတ်လုပ်မှုလျော့ကျခြင်း |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | စွန့်ပစ်ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာ၏ ယာမြေများ၏ မြေဆီသြဇာအခြေအနေမှာ အသင့်တင့်ရှိပါသည်။ဓာတုဓါတ်မြေသြဇာသုံးစွဲသော်လည်း သဘာဝနွားချေး၊ ဆိတ်ချေးများကို တွဲဖက်၍ အသုံးပြုပါသည်။ ကုန်းဖောင်းမြေနည်းခြင်းကလည်း မြေဆီသြဇာပျက်စီးမှုကို နည်းစေခဲ့ပါသည်။ ဖျက်ပိုးနှင့် ရောဂါများထိန်းချုပ်ရာတွင်လည်း အရည်အသွေးမမှီသော ဓါတုဆေးများ ရှိခြင်း၊ ဓာတုဆေးများစနစ်တကျမသုံးစွဲတတ်ခြင်းကြောင့် နှစ်စဉ်ဖျက်ပိုးနှင့် ရောဂါကျရောက်မှု မြင့်တက်လျှက်ရှိပါသည်။ ဓာတုဆေးများစနစ်တကျမစွန့်ပစ်ခြင်းနှင့် အမှိုက်များစနစ်တကျမစွန့်ပစ်ခြင်းတို့ကြောင့် တိရိစ္ဆာန်မျိုးစိတ်များလျော့နည်းခြင်းများမြင့်တက်လျှက်ရှိပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၆ | ၂၁ | ၂၇ | ၅% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၇၈ | ၄၈ | ၁၂၆ | ၂၃.၃၃% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၄၀ | ၉၀ | ၁၃၀ | ၂၄.၀၇% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၈၁ | ၉၆ | ၁၇၇ | ၃၂.၇၇% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၅ | ၂၅ | ၆၀ | ၁၁.၁၁% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၆ | ၉ | ၁၅ | ၂.၇၇% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၃ | ၂ | ၅ | ၀.၉၃% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၂၄၉** | **၂၉၀** | **၅၄၀** | **၉၉.၉၇%** |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာ၏ ၉နှစ်အထက်စာတတ်မြောက်မှုကောက်ယူရာတွင် စာမတတ်သူကျား(၈)၊ မ(၂၄)ရှိနေ၍ ဇယားတွင် ဖော်ပြထားသောလူဦးရေများကို ကြည့်သည့်အခါ ဘုန်းကြီးကျောင်းထွက်များ များနေသည်ကိုလည်းတွေ့ရပါသည်။ ဘုန်းကြီးကျောင်းပညာရေး သင်ကြားတတ်မြောက်သူအများစုမှာ ၂၅နှစ်အထက်ရှိသူများတွေ့ရပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စာတတ်မြောက်မှုနှုန်းမှာ အားရစရာမရှိသည်ကို လည်းတွေ့ရပါသည်။ မူလတန်းပြီးလျှင် အလယ်တန်းပညာကို သင်ယူသူလျော့နည်းသွား၍ အလယ်တန်းမှ အထက်တန်းသို့ ပညာသင်ယူသူမှာလည်းလျော့နည်းသွားရခြင်း၏ အကြောင်းရင်းမှာ မိသားစုစားဝတ်နေရေးအဆင်မပြေသောကြောင့်ဖြစ်ပါသည်။

### (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း (၅-၉ နှစ်) | ၂၁ | ၂၄ | ၄၅ | ၃၆.၂% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၂၂ | ၂၅ | ၄၇ | ၃၇.၉% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၁၁ | ၁၁ | ၂၂ | ၁၇.၇% |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၄ | ၆ | ၁၀ | ၈% |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာ၏ မူလတန်းကျောင်းတက်နှုန်းမှာ ၄၅ဦး ၃၆.၂% နှင့် အလယ်တန်း၄၇ဦး၊ ၃၇.၉%အထက်တန်း၂၂ဦး ၁၇.၇%၊ တက္ကသိုလ်၁၀ဦး ၈% ရှိသည်ကို တွေ့ရပါသည်။ မိသားစုစားဝတ်နေရေးအဆင်မပြေသောကြောင့် အလုပ်ခွင်တွင် ခိုင်းနိုင်သော အရွယ်ရောက်လျှင် ကျောင်းမထားပဲ အလုပ်ခွင်ဝင်ခိုင်းခြင်း၊ ၊ မိဘများမှ အမြင်မကျယ်ခြင်းများ ကြောင့် အလယ်တန်းအထက်တန်းကျောင်းတက်နှုန်းနည်းသွားခြင်းဖြစ်ပါသည်။

### (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း(ခွဲ) | | |
|---|---|---|---|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | ၁၀၀ပေ | | | ရွာတောင်ဘက် | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | | | | | | |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | အလျား၆၀အနံ၂၄အမြင့်၁၁ပေ | | | အလျား၈၀အနံ၂၀အမြင့်၁၂ပေ | | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း-မျက်နှာကျက်ပါ | | | သွပ်မိုး၊ ကွန်ကရစ်ခင်း၊ အုတ်နံရံ မျက်နှာကျက်ပါ | | |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | မရှိ<br>လုံလောက် | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | မရှိ | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | **၁** | ၄ | ၅ | - | ၅ | ၅ |
| ကျေးရွာခန့် | | ၁ | ၁ | - | ၁ | ၁ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် ရွာပိုင်စာသင်ကျောင်းမရှိသော်လည်း အုပ်စုကျောင်းရှိပါသည်။ အုပ်ပြုမူလတန်းကျောင်းဆောင်မှာဖ၀'x၂၄'x၁၁'ရှိပြီး ခွဲကျောင်းမှာ ၈၀'x၂၀'x၁၂'ရှိပါသည်။ ကျောင်းဆောင်များကို သွပ်မိုး၊အုတ်နံရံနှင့် အခင်းကွန်ကရစ်လောင်းထားပြီး မျက်နှာကျက်ပါရှိပါသည်။ ကျောင်းဆောင်အနေဖြင့် မူလတန်းအတွက် မလုံလောက်ပါ။ ကျောင်းသုံးပရိဘောဂစာသင်ခုံများလုံလောက်သော်လည်း ဘီရို၊စားပွဲ၊ ကုလားထိုင်များလိုအပ်နေသည်ကိုလည်းတွေ့ရပါသည်။ ကျောင်းအိမ်သာများကောင်းမွန်ပြီး အာဟာရတိုက်ကျွေးမှုများမှာမရှိခဲ့ပါ။ ကျောင်းသားဦးရေကျား၁မ၉ရှိသည်ကိုလည်းတွေ့ရပါသည်။ အငှားဆရာမ ရွာခန့်မ ၂ဦးရှိသည်ကိုလည်း တွေ့ရှိရပါသည်။ အငှားဆရာမလစာအတွက် အုပ်စုအတွင်းရှိ အိမ်ထောင်စုများကိုတစ်နှစ်လျှင်၃၀၀၀ကျပ်နှုန်းဖြင့် အငှားဆရာမလစာများဖြေရှင်းပေးနေသည်ကိုလည်း တွေ့ရှိရပါသည်။

## (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | အစိုးရပံ့ပိုးသော ဆရာဦးရေပြည့်မီသော်လည်း ကျောင်းသားများ ဉာဏ်ရည်နိမ့်သောကြောင့် ရွာခန့်၂ဦးငှားနေရ |
| တပည့် - ဆရာ အချိုး | ၁း၂၃ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ကျား၁မ၁တွေ့ရှိ ရွှေ့ပြောင်းလုပ်ကိုင်သည့်နောက်လိုက်ရခြင်း |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ထောက်ပံ့မှုရရှိသော်လည်း မလုံလောက်ပါ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | ဘောလုံးတစ်မျိုးသာရှိပြီး အခြား အားကစားပစ္စည်းများ လက်လှမ်းမမီပါ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | စာသင်ကျောင်းလိုအပ်ချက်မှာ ဆရာဆရာမများ၏ လိုအပ်ချက် ဖြည့်ဆည်း |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဇီးဖြူကုန်းရွာအုပ်စု စာသင်ကျောင်းတွင် ဆရာဦးရေပြည့်မီသော်လည်း ကျေးရွာခန့်ဆရာမ၂ဦးငှားရမ်းထားပါသည်။ ဆရာမများအတွေ့ကြုံနည်း၍ သင်ကြားမှုမှာ အနည်းငယ်လိုအပ်ပါသည်။ တပည့်ဆရာအချိုး ၁း၂၃ရှိ၍ ပြည့်မီပါသည်။ စာအုပ်နှင့်စာရေးကိရိယာထောက်ပံ့မှုရရှိသော်လည်း နှစ်ကုန်သည်အထိ မလုံလောက်ပါ။ ဆင်းရဲသောမိသားစုများကျောင်းစရိတ်မတတ်နိုင်သောကြောင့် မူလတန်းကျောင်းထွက်နှုန်းမှာ ယခုနှစ်၂ဦးဇီးဖြူကုန်းရွာတွင်ရှိပါသည်။ မိသားစုပြောင်းရွှေ့လုပ်ကိုင်သောနေရာသို့ လိုက်သွားရခြင်းဖြစ်ပါသည်။ အားကစားပစ္စည်းများလက်လှမ်းမီမှုနည်း၍ မိဘဆရာအသင်း၏ အခန်းကဏ္ဍတွင် အားနည်းချက်များရှိသော်လည်း လိုအပ်သည့်ဆရာ/မ၂ဦးငှားပေးခြင်း ဝန်ထမ်းအိမ်ရာဆောက်ပေးထားနိုင်သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | ✔ | | |
| ၂ | သွေးလွန်တုပ်ကွေး | ✔ | | | ကျန်းမာရေအသိပညာနည်းခြင်း |
| ၃ | ငှက်ဖျား | | | ✔ | |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | ✔ | |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | ✔ | |
| ၆ | တီဘီ | | ✔ | | |
| ၇ | ဆီးချို | | ✔ | | |
| ၈ | သွေးတိုး | ✔ | | | |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | ✔ | |
| ၁၀ | အာဟာရ ချို့တဲ့မှု | | ✔ | | |
| ၁၀ | အခြား ကူးစက်နိုင်သော ရောဂါများ | | | ✔ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် အဖြစ်များသော ရောဂါများမှာ ရာသီတုပ်ကွေးနှင့် သွေးလွန်တုပ်ကွေးရောဂါအများဆုံးဖြစ်ပါသည်။ နှစ်စဉ် ကျောင်းနေအရွယ်ကလေးများ သွေးလွန်တုပ်ကွေးအများဆုံးဖြစ်ပြီး ဆေးရုံဆေးခန်းများသို့နှစ်စဉ်သွားရောက် ကုသရပါသည်။ သွေးလွန်တုပ်ကွေးရောဂါကြောင့် ကျောင်းသူကျောင်းသားများ စာနောက်ကျခြင်းနှင့် မိသားစုများ ဝင်ငွေရလုပ်ငန်းများမလုပ်ရခြင်းကြောင့်ဝင်ငွေထိခိုက်၍အကြွေးတင်သည်အထိ ဖြစ်ပေါ်ခဲ့ပါသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | | ကလေးများ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | | |
| ၃ | ပိုလီယိုရောဂါ | ✔ | | ကျန်းမာရေးဗဟုသုတနည်း |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | | ကျန်းမာရေးဦးစီးဌာနမှ လာရောက်ထိုးနှံခြင်း |
| ၅ | ဝက်သက်ရောဂါ | ✔ | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✔ | | ဆင်ခြေထောက် |

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✔ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✔ | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမှ လစဉ်လာရောက်၍ အသက်အပိုင်းခြားဖြင့် ကာကွယ်ဆေးများလာရောက်ထိုးနှံပါသည်။ အုပ်ချုပ်ရေးမှူးအိမ်မှခေါ်ယူ၍ ထိုးပေးပါသည်။ ဇယားပါအချက်အလက်ကိုကြည့်၍ အာဟာရမှတ်တမ်းယူမှုနှင့် အရပ်အမြင့်နှင့် အလေးချိန်လက်မောင်းပတ်ခြင်းကို ပြုလုပ်ပေးမည်ပြောသော်လည်း ယနေ့အချိန်ထိ ပြုလုပ်ခြင်းမရှိပါ။

## (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ရွာတွင်း | မရှိ | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ကြီးကြပ် (၁) –<br>ကြီးကြပ် (၂) –<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | | |
| တိုက်နယ် ဆေးရုံ | ၃မိုင် | မရှိ | ဆရာဝန် - ၁<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -၄<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေးဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| မြို့နယ်ဆေးရုံ | ၁၂မိုင် | | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | ၁၂မိုင် | | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမှီမှု--<br>ဆေးဝါး--<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် အရံသားဖွားဆရာမ(၁)ဦးရှိပါသည်။ ကျန်းမာရေးလုပ်သားအရပ်သား(၁)ဦးရှိပါသည်။ ကျေးရွာအတွင်းကျန်းမာရေးဌာနခွဲဆေးခန်းမရှိပါ။ ကျေးရွာမှ လူနာများရှိလျှင် အနီးဆုံးရွာသာယာတိုက်နယ်ဆေးရုံက အနီးဆုံးဖြစ်ပြီးမင်းဘူး မကွေးဆေးရုံများသို့ သွားရောက်ကုသပါသည်။ ရွာသာယာနှင့် ၃မိုင်ဝေး၍ တိုက်နယ်ဆေးရုံ၏ သတင်းအချက်အလက်မပြည့်စုံပါ။ မြို့နယ်ဆေးရုံးများမှာလည်း သွားရောက်မေးမြန်းရန် မလွယ်ကူ၍ အကွာအဝေးမိုင်သာ ဇယားထဲတွင် ထည့်ပေးထားပါသည်။ သွေးလွန်တုပ်ကွေးရာသီများတွင် တိုက်နယ်ဆေးရုံရှိ ကုတင်များ အဆောက်အဦးများမလုံလောက်သည်ကို တွေ့ရှိရပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | | | | | | |
| အဝီစိတွင်း/စက်တပ် | ၁၃ | အကောင်း | ✔ | ✔ | ✔ | |
| အဝီစိတွင်း/တုံကင် | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| မြစ်/ချောင်း | | ကောင်း | | ✔ | ✔ | |

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |
| အခြား | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် သောက်သုံးရေရရှိမှုမှာ သောက်ရေကို အဝီစိစက်တပ်တွင်းများမှ အသုံးပြု၍ တိရိစ္ဆာန်သောက်သုံးရေကို မြစ်ရေ အဓိကထားပြီး သုံးစွဲကြပါသည်။ ချက်ပြုတ်ရေးတွင်လည်း မြစ်ရေကို အသုံးပြုသူများလည်းရှိပါသည်။ ဇီးဖြူကုန်းကျေးရွာတွင် ရွာပိုင် အဝီစိစက်တပ်SCနှင့် အစိုးရမှ တူးပေးထားသော ရေတွင်း၂တွင်းရှိပါသည်။ နွေရာသီတွင် မြစ်ရေမှ တင်ကျန်ခဲ့သော အင်းအိုင်များမှ တိရိစ္ဆာန်သောက်သုံးရေကို အသုံးပြုကြပါသည်။ ရွာပိုင်တွင်းများကို လေလံပေး၍ နှစ်စဉ်အသုံးပြု၍ အများဆုံးပေးနိုင်သူကို ပေးစေပြီး ရေရောင်းချခြင်းပြုလုပ်ပါသည်။

## (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၁၃၅ | ပြင်ပအဖွဲ့များနှင့်ပူးပေါင်း၍ဆောက်လုပ်ထားခြင်း |
| ကျင်းအိမ်သာ | | |
| မြေပေါ် အိမ်သာ | | |
| တောထိုင် | ၁၆ | ဆင်းရဲသောမိသားစုများ |
| **စုစုပေါင်း** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် ယခင်က တွင်းအိမ်သာ၊ တောထိုင်များများပြီး NGOအဖွဲ့များ ကျေးရွာအတွင်းသို့ ဝင်ရောက်လာသည့်နှစ်မှ နှစ်စဉ်အိမ်သာများတိုးချဲ့ပြုလုပ်သုံးစွဲလာသည်ကို တွေ့ရပါသည်။ ကျန်းမာရေးအသိပညာများအထိုက်အလျောက်သိရှိ၍ မတတ်နိုင်သောအိမ်ထောင်စုများမှ ပေါင်းပြီး ၂အိမ်ထောင်စုတစ်လုံး အိမ်ဝိုင်းအတွင်း အိမ်ထောင်စုများနေလျှင်လည်း စုပေါင်းအိမ်သာပြုလုပ်၍သုံးစွဲကြပါသည်။ ဇယားတွင် တောထိုင်၁၆အိမ်ထောင်ရှိနေရခြင်းသည် ကျန်းမာရေးအသိပညာနည်းခြင်းနှင့် ငွေကြေးမပြည့်စုံသူများဖြစ်နေသည်ကို တွေ့ရပါသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | ✔ | | စီမံခန့်ခွဲမှုအားနည်း |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ✔ | | အားနည်း |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | ✔ | တရားဥပဒေစိုးမိုး |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ✔ | | |
| ၅ | အခြား (ရှိလျှင်) | | ✔ | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဒီးဖြူကုန်းကျေးရွာတွင် ကျားနှင့်မခွဲခြားဆက်ဆံမှုနည်းပါသည်။ ကျေးရွာအတွင်း ဖွံ့ဖြိုးရေးအဖွဲ့များတွင် အမျိုးသမီးများပါဝင်နေသည်ကိုလည်း တွေ့ရပါသည်။ ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင် ပါဝင်မှုအားနည်းပြီး ကျေးရွာရှိ အမျိုးသမီးအဖွဲ့ဖွဲ့ရှိခြင်းက အမျိုးသမီးများ၏ စွမ်းဆောင်ရည်ရှိလာသည်ကို ငြင်း၍မရပါ။ အကြမ်းဖက်မှုများဖြစ်ပေါ်လာလျှင် ဘယ်နေရာကို သွားရမည်ကိုလည်း သိရှိနေကြပါသည်။ ကျွန်တော်တို့ကျေးရွာသည် မိသားစုဝင်များလို ရင်းနှီးစွာနေထိုင်သောကျေးရွာဖြစ်၍ ကျားမရေးရာကိစ္စများတွင် ရင်းနှီးပွင့်လင်းစွာရှိသောကျေးရွာဖြစ်ပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | ၁၈၇၀ခုနှစ် (ခန့်မှန်း) | ✔ | | ၃၇၅၀ပေ |
| ချဉ်းကပ်လမ်း | ၁ | ဆိုး | - | | | ၅၀၀ပေ |
| ရွာချင်းဆက်လမ်း | ၁ | ဆိုး | ၁၉၉၆ | | | ၂၂၈၃ပေ |
| အခြား | | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း -၃

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာသည် မင်းဘူး-မင်းလှကားလမ်းမှ ရွာတွင်းသို့ သွားရာလမ်းမှာ ၁၉၉၆ခုနှစ်မှ အသစ်ဖောက်လုပ်ခဲ့ပါသည်။ မင်းဘူး-မင်းလှလမ်းမှ ရွာအဝင်နှင့် ရွာအဖျားစပ် ၂၂၈၃ပေရှိပြီး ရွာတွင်းလမ်းမှာ အရှေ့အနောက်(၁)လမ်း၊ တောင်မြောက်(၉)လမ်း ရှိပါသည်။ အရှေ့အနောက်လမ်းမှာ မင်းဘူး-မင်းလှကားလမ်းနှင့် တဖြောင့်တည်းရှိ၍ ကျန်လမ်းသွယ်(၉)လမ်း၏အရှည်စုစုပေါင်း၃၇၅၀ပေရှိပါသည်။ ရွာလမ်းသွယ်များအနည်းငယ်ကျဉ်းမြောင်း ၍ ကားများဝင်၍ရသော်လည်း အလွယ်တကူမဝင်နိုင်ပါ။ မိုးရာသီတွင် လမ်းများမှာ အလွန်ဆိုးရွား ၍ သွားလာရန်ခက်ခဲမှုများ နှစ်စဉ်ကြုံတွေ့ရပါသည်။

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | | | | | |
| ကွန်ကရစ်တံတား | | | | | |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |
| အခြား | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် တံတားများမရှိသော်လည်း ရွာမြောက်ဘက် ဒဟက်ကုန်းကျေးရွာသို့ သွားရာတွင် ချောင်းကူးတံတားတစ်ခုရှိပါသည်။ လူနှင့် ဆိုင်ကယ်များသာ ဖြတ်သွား၍ရပါသည်။ ပျဉ်နှင့် သစ်သားများဖြင့် ပြုလုပ်ထားသဖြင့် အရည်အသွေး အလွန်ညံ့ပါသည်။ မကြာခဏ မွန်းမံပြင်ဆင်ပေးရပါသည်။

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | | စက်လှေ/ လှေ | ✔ | |
| ပင်လယ်ရေကြောင်း | | | | |
| အခြား | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာ၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်တည်ရှိပြီး ယခင်က မကွေးမြို့သို့ မော်တော်များဖြင့် သွားရောက်ပြီး မကွေးတံတားတည်ဆောက်ပြီးချိန်မှ ယနေ့ထိ မော်တော်များဖြင့်မသွားတော့ပါ။ဧရာဝတီမြစ်၏ အရှေ့ကျေးရွာများသို့စက်လှေများဖြင့် ယခုအခါ သွားလာရပါသည်။ ကိုင်းခုံများသို့ သွားသောအခါတွင်လည်း စက်လှေ/လှေများဖြင့် သွားရောက်ရာဖွေပါသည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဘာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | | ၃ | ၁၉ | ၉၃ | ၃ | ၂ | | ၆၆ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ပိုင်ဆိုင်မှုသယ်ယူပို့ဆောင်ရေးယာဉ်များမှာ ဇယားတွင်ဖော်ပြထားပြီးယာခင်းမှ မိမိ၏ အိမ်သို့ နွားလှည်းဖြင့်သာ သယ်ယူပြီး သုံးဘီး/ကားများဖြင့် မြို့သို့ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်ပါသည်။ တောင်သူများသည် နွားလှည်းများ ပိုင်ဆိုင်ထားသော်လည်း ဆင်းရဲသော တောင်သူများမှာ အခြားတောင်သူများမသုံးသော နွားလှည်းများပြန်လည်ပြုပြင်၍ အသုံးပြုကြ၍ ကြာရှည်အသုံးမပြုခံသော နွားလှည်းများပိုင်ဆိုင်ထားပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၆၉ | သင့် | ရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |
| အခြား | ၉၈ | သင့် | ရှိ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဇီးပြုကုန်းကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် ၁မိုင်အတွင်းမှာ တည်ရှိပါသည်။ ကျေးရွာအလွန်ဆင်းရဲသောကြောင့် မဟာဓါတ်အားလိုင်းမှ ဆွဲယူချင်ပါသော် လည်း အခက်အခဲရှိနေပါသည်။ လက်ရှိကျေးရွာတွင် ဆိုလာအသေးစား၆၉အိမ်ထောင်စုအသုံးပြုနေပါသည်။ TVများကို ယခင်က ဒီဇယ်သုံးအင်ဂျင်ရှိ၍ ကြည့်ဖြစ်ကြသော်လည်း ယခုအခါ ဒီဇယ်သုံးအင်ဂျင်မရှိ၍ TVလက်တော့အသေးစားများကို ဘက်ထရီအိုးအသေးစားများဖြင့် ကြည့်သူအနည်းအကျဉ်းရှိပါသည်။ အခြားအိမ်ထောင်စုများသည် ဖယောင်းတိုင်၊ ဘက်ထရီအိုးအသေးများဖြင့် မီးလင်းနေခြင်းဖြစ်ပါသည်။ လူမှုဖွံ့ဖြိုးရန် လျှပ်စစ်မီးရရှိဖို့ အလွန်အဓိက ကျနေပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၁၂၇ | ၄၁ | ၄၄ | | Set-top-box-၃၀/EVD-၁၀ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာအတွင်းလူတန်းစေ့ဖုန်းမကိုင်နိုင်သော်လည်း ၁၂၇လုံး ရှိပါသည်။ ရေဒီယို ၄၁လုံးရှိ၍ တီဗွီ၄၄လုံးရှိပါသည်။ တီဗွီ၄၄လုံးတွင် ကြည့်နိုင်သူ၁၅ဦးနီးပါး သာရှိ၍ ကျန်တီဗွီများမှာ မီးမရှိ၍ သိမ်းထားသောအဆင့်တွင်ရှိနေပါသည်။ ဖုန်းသုံးစွဲသူအများစုမှာ အင်တာနက်ချိတ်ဆက်၍ ကြည့်ရှုနေသည်ကိုလည်း တွေ့ရှိရပါသည်။.

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | ရှိ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ရှိ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | ရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေမှာ ဘာသာရေး ကိစ္စလုပ်ငန်း၊ လူမှုရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးလုပ်ငန်းများ တွင် ပူးပေါင်းပါဝင်နေသောကြောင့် အထိုက်အလျောက် ဖွံ့ဖြိုးနေပါသည်။ ကျေးရွာ၏ စာကြည့် တိုက်တွင် စာအုပ်များလုံလောက်စွာမရှိခြင်း၊ လုပ်ငန်းခွင်ဝင်နေရ၍ အချိန်မပေးနိုင်ခြင်းများကြောင့် စာပေထိတွေ့မှုမှာ အားနည်းလွန်းပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | ဆက်သွယ်ရေးတိုင်နှင့်နီး |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ကျေးရွာတွင်း မီးသတ်အဖွဲ့နှင့် ဖွံ့ဖြိုးရေးအဖွဲ့များရှိ |
| ရဲစခန်းများအား လက်လှမ်းမီမှု | |
| အခြား | လက်လှမ်းမီပါသည်။ အကွာအဝေး(၃)မိုင် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် လူထုအခြေပြုသဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန် မီးသတ်အဖွဲ့၊ ဖွံ့ဖြိုးရေးအဖွဲ့၊ လူငယ်အဖွဲ့များလည်းရှိနေပါသည်။ ဆက်သွယ်ရေးတာဝါတိုင်လည်းရွာ၏ တောင်ဘက်ထိန်တောရွာတွင်ရှိ၍ လိုင်းကောင်း၍ ဆက်သွယ်ရန်လွယ်ကူသော်လည်း ရဲစခန်းနှင့် (၃)မိုင်ဝေး၍ အရေးကြီးကိစ္စများတွင် အမြန်မရောက်နိုင်သေးပါ။ အာမခံဝန်ဆောင်မှုလုပ်ငန်းများရှိနေခြင်းကို သိရှိနေသော်လည်း ကျွန်တော်တို့ကျေးရွာတွင် မရောက်ရှိသေးကြောင်း တွေ့ရှိရပါသည်။

## (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် မှုခင်းဖြစ်ပွားနှုန်းမှာ မရှိသလောက်ရှားပါသည်။ မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ရံဖန်ရံခါရမ်းကားမှုရှိတတ်ပါသည်။ အကြမ်းဖက်မှု လူကုန်ကူးမှုမရှိပါ။

## ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးကဏ္ဍ | | | | | |
| | • ကျေးရွာတွင်းလမ်း မကောင်းခြင်း | • မြေသားလမ်းဖြစ်ခြင်း<br>• သုံးစွဲမှုများပြားခြင်း<br>• ပြုပြင်ထိန်းသိမ်းမှုမရှိခြင်း | • ကျေးရွာလူထုအင်အားရှိခြင်း<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO)များရှိခြင်း<br>• ရန်ပုံငွေ ကောက်ခံနိုင်ခြင်း | • ခေါင်းဆောင်မည့်သူမရှိခြင်း<br>• ကျေးလက်ဦးစီးနှင့်ချိတ်ဆက်မှုမရှိခြင်း<br>• ပြင်ပအဖွဲ့ (NGO, INGO)များနှင့်ချိတ်ဆက်မှုမရှိခြင်း<br>• လက်လုပ်လက်စား (လယ်ကူလီ)များပြားခြင်းကြောင့်ရန်ပုံငွေကောက်ခံရန် ခက်ခဲခြင်း | • လမ်းကော်မတီဖွဲ့စည်း၍ကျေးရွာလူထုအားခေါင်းဆောင်ခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ပြင်ပအဖွဲ့ (NGO, INGO)များနှင့် ချိတ်ဆက်ခြင်း | • ကျေးရွာတွင်းလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ခြင်း<br>- လမ်းကော်မတီဖွဲ့စည်း ခြင်း<br>- ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>- ပြင်ပအဖွဲ့(NGO,INGO)များနှင့်ချိတ်ဆက်ခြင်း<br>- ကျေးရွာလူထုအား လုပ်အားထည့်ဝင်ရန် နှိုးဆော်ခြင်း |
| ၂ | သောက်သုံးရေကဏ္ဍ | | | | | |
| | • သောက်သုံးရေရှားပါးခြင်း | • ကျေးရွာ၏ မြေအနေအထားအရ ရေကြော နှင့်ဝေးကွာခြင်း<br>• ခြောက်သွေ့သော ဒေသဖြစ်ခြင်း | • စက်တပ်လှေ့ရေတင်ပေးနိုင်ခြင်း<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO)များရှိခြင်း | • စက်တပ်၍ ရေတင်နိုင်သောရေတွင်းတူးရန် ငွေကြေးမလုံလောက်ခြင်း<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO)များနှင့်ချိတ်ဆက်မှုအားနည်းခြင်း | • သောက်သုံးရေများလုံလောက်မှုရရှိရေးကော်မတီဖွဲ့စည်းခြင်း<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ကူညီတောင်းခံခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO)များနှင့် ချိတ်ဆက်ကူညီတောင်းခံခြင်း | • ကျေးရွာအတွင်း သောက်သုံးရေလုံလောက်စွာရရှိရန် ဆောင်ရွက်ခြင်း<br>- ရေရရှိရေးကော်မတီဖွဲ့စည်းခြင်း<br>- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>- ပြင်ပအဖွဲ့(NGO, INGO)များနှင့် ချိတ်ဆက်ကူညီတောင်းခံခြင်း<br>- ကျေးရွာလူထုမှ ရရှိသောစက်ရေတွင်းအား ပြုပြင် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | | ထိန်းသိမ်းရန် နှိုးဆော်ခြင်း |
| ၃ | မီးလင်းရေးကဏ္ဍ | | | | | |
| | • မဟာဓါတ်အားလိုင်းမှ မီးမရရှိခြင်း | • ရန်ပုံငွေလုံလောက်မှု အားနည်းခြင်း<br>• ရန်ပုံငွေကောက်ခံနိုင်မှု မှာလက်လုပ်လက်စား များသဖြင့် တိုးတက်မှု နှောင့်နှေးခြင်း | • ပိုက်သင်ကျေးရွာ (ထရန်စဖာရှိသော) နှင့် (၁)မိုင်ခန့်ကွာဝေးခြင်း<br>• လျှပ်စစ်ဦးစီးဌာနရှိ ခြင်း<br>• ရန်ပုံငွေစုဆောင်းထား ရှိခြင်း<br>• ကျေးရွာလူထုအင်အား ရှိခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO)များရှိခြင်း | • လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်မှုအား နည်းခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO) များနှင့် ချိတ်ဆက်မှု အား နည်းခြင်း<br>• ရန်ပုံငွေစုဆောင်းနိုင် မှုအနေအထား မလုံ လောက်ခြင်း | • လျှပ်စစ်မီးလင်းရေး ကော်မတီဖွဲ့စည်းခြင်း<br>• လျှပ်စစ်ဦးစီးနှင့် ချိတ် ဆက်ခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO) များနှင့် ချိတ် ဆက်၍ ကူညီတောင်းခံ ခြင်း<br>• ရန်ပုံငွေစုဆောင်းမှုအား ကောင်းစေရန် တိုက် တွန်းစည်းရုံးခြင်း | • ကျေးရွာတွင် လျှပ်စစ်မီးလင်းရန် ဆောင်ရွက်ခြင်း<br>- လျှပ်စစ်မီးလင်းရေး ကော်မတီဖွဲ့စည်းခြင်း<br>- လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>- ပြင်ပအဖွဲ့(NGO, INGO)များနှင့် ချိတ် ဆက်ကူညီတောင်းခံ ခြင်း<br>- ရန်ပုံငွေစုဆောင်းရာတွင် အဆင်ပြေစေရန်နှိုးဆော် တိုက်တွန်းခြင်း |
| ၄ | ကျန်းမာရေးကဏ္ဍ | | | | | |
| | • ကျန်းမာရေးဝန်ဆောင် မှုမရရှိခြင်း | • မြို့နှင့် အလှမ်းဝေးကွာ ခြင်း<br>• ရာသီအလိုက် ရောဂါများ ဖြစ်ပွားခြင်း<br>• ပုံမှန်ကာကွယ်ဆေးထိုးနှံ မှုအားနည်းခြင်း | • ကျန်းမာရေးဦးစီးဌာန ရှိခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO)များရှိခြင်း<br>• ကျေးရွာ၏ (၂)မိုင်ခွဲခန့် အကွာတွင် တိုက်နယ် ဆေးရုံရှိခြင်း | • ကျန်းမာရေးဦးစီးဌာ နနှင့် ချိတ်ဆက်မှု အားနည်းခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO)များနှင့်ချိတ် ဆက်မှုအားနည်းခြင်း<br>• ဆေးရုံ၊ ဆေးပေးခန်း များသို့ သွားရောက်ရန် ငွေကြေးမပြည့်စုံခြင်း | • ကျန်းမာရေးဆရာမ ရရှိ ရန် ကျန်းမာရေးဦးစီး ဌာနနှင့် ချိတ်ဆက်ခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO)များနှင့် ချိတ် ဆက်၍ ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် ကူညီ တောင်းခံခြင်း | • ကျန်းမာရေးဝန်ဆောင်မှုရရှိရန်နှင့် ကျန်းမာရေးဆရာမရရှိရန် ဆောင် ရွက်ခြင်း<br>- ကျန်းမာရေးကော်မတီ ဖွဲ့စည်းခြင်း<br>- ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျန်းမာရေး ဆရာမရရှိရန် ဆောင်ရွက် ခြင်း<br>- ရာသီအလိုက် ရောဂါ ကာ ကွယ်ဆေးများ ထိုးနှံခြင်း<br>- ပြင်ပအဖွဲ့(NGO, INGO) များနှင့် ချိတ်ဆက်၍ ကျန်းမာရေးဝန်ဆောင်မှု ရရှိရန် ဆောင်ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု** | | | | | |
| | • စိုက်/မွေးနှင့် စိုက်မွေး မဟုတ်သော လုပ်ငန်း များအတွက် ချေးငွေ မလုံလောက်ခြင်း | • လယ်၊ယာမြေမှတ်ပုံတင် ပုံစံ(၇)မရှိခြင်း<br>• MOGE၏ ဧရိယာဖြစ် နေခြင်း<br>• စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ချထားသော ချေးငွေ ပမာဏနည်းနေခြင်း | • မြေခွန်ပြေစာများရှိခြင်း (မြေစာရင်းမှ အတည် ပြုသော)<br>• ကျေးရွာလူထုမှ ပုံစံ(၇) ရရှိရန် ကြိုးစားခြင်း<br>• ချေးငွေပေးသော ပြင်ပ အဖွဲ့အစည်း(NGO, INGO)များရှိခြင်း | • MOGE၏ ဧရိယာ ဖြစ်နခြင်း<br>• မြေစာရင်းဦးစီးနှင့် ချိတ်ဆက်၍ လယ် ယာမြေမှတ်ပုံတင် လုပ်ဆောင်ရန် အား နည်းခြင်း<br>• ချေးငွေပေးသော ပြင်ပ အဖွဲ့အစည်း (NGO, INGO) များမှရရှိသော ချေး ငွေမှာ လုံလောက်မှု နည်းပါးခြင်း | • လယ်သမားအစုအဖွဲ့ ဖွဲ့ စည်းခြင်း<br>• မြေစာရင်းဦးစီးနှင့် ချိတ် ဆက်၍ လယ်ယာမှတ်ပုံ တင်နိုင်ရန် ဆောင်ရွက် ခြင်း<br>• (စိုက်/မွေး)လုပ်ငန်း (သက်/မွေး)လုပ်ငန်းများ အတွက် လုံလောက်သော ချေးငွေရရှိရန် ပြင်ပအဖွဲ့ အစည်း(NGO, INGO) များနှင့် ချိတ်ဆက် ကူညီ တောင်းခံခြင်း | • စိုက်/မွေးနှင့် စိုက်မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း များ အတွက် လုံလောက်သော ချေးငွေရရှိရန် ဆောင်ရွက်ခြင်း<br>- လုံလောက်သောချေးငွေ ရရှိရန်ကော်မတီဖွဲ့စည်း ခြင်း<br>- သက်ဆိုင်ရာအစုအဖွဲ့မှ ပူးပေါင်း၍ ၎င်းနှင့် သက်ဆိုင်သော အခက် အခဲများအား ဖြေရှင်း ခြင်း<br>- ပြင်ပအဖွဲ့(NGO, INGO)များနှင့် ချိတ် ဆက်ကူညီတောင်းခံခြင်း |
| ၆ | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | • သီးနှံအထွက်နှုန်း လျော့ကျခြင်း | • မျိုးကောင်းမျိုးသန့်ဝယ် ယူမစိုက်ပျိုးနိုင်ခြင်း<br>• ပိုးမွှားရောဂါကျရောက် ခြင်း(ရာသီဥတုဖောက် ပြန်ခြင်း) ဓါတုပိုးသတ် ဆေးများ မြေဆီများအား လုံလောက်စွာမသုံးစွဲနိုင် ခြင်း<br>• စိုက်ပျိုးရေးနည်းပညာ ပိုင်းတွင် သိရှိမှုနည်းပါး ခြင်း | • ပဲမျိုးသန့်ခြံများမှ မျိုး သန့်များဝယ်ယူရရှိနိုင် ခြင်း၊ စိုက်ပျိုးရေးဆေး ကုမ္ပဏီများရှိခြင်း<br>• စိုက်ပျိုးရေးဦးစီးဌာနရှိ ခြင်း<br>• နည်းပညာပေးသော အဖွဲ့အစည်းများရှိခြင်း | • မျိုးသန့်ခြံများမှ မျိုး သန့်များဝယ်ယူရာ တွင် တင်းအရေ အတွက်မပြည့်မီခြင်း နှင့် မျိုးသန့်ဝယ်ယူ ရန် ငွေကြေးမတတ် နိုင်ခြင်း<br>• စိုက်ပျိုးရေးဆေး ကုမ္ပဏီများမှ နည်း ပညာပေးခြင်းထက် ပိုးသတ်ဆေးများကို အဓိကရောင်းချခြင်း<br>• နည်းပညာပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအား | • လယ်သမားအစုဖွဲ့ဖွဲ့ စည်း ခြင်း<br>• ပြင်ပပုဂ္ဂလိကအဖွဲ့ အ စည်းများနှင့်ချိတ်ဆက် ၍ ခေတ်မီနည်းပညာ များရရှိရန်ဆောင်ရွက် ခြင်း<br>• စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ဝန်ဆောင်မှု ရရှိရန်ဆောင်ရွက်ခြင်း<br>• စိုက်ပျိုးရေးဦးစီးဌာနမှ သွင်းအားစု လိုအပ်ချက် များကိုအရစ်ကျစနစ်ဖြင့် ပေးနိုင်ရန် ချိတ်ဆက် ခြင်း | • စိုက်ပျိုးသီးနှံများအထွက်နှုန်း တက်လာစေရန် ဆောင်ရွက်ခြင်း<br>- စိုက်ပျိုးရေးဖြင့် ဝင်ငွေ အမြတ်အစွန်းများရရှိ ရန် ဆောင်ရွက်ခြင်း<br>- လယ်သမားအစုအဖွဲ့ဖွဲ့ ခြင်း<br>- စိုက်ပျိုးရေးဦးစီးဌာန နှင့် ချိတ်ဆက်၍ ဝန် ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း<br>- စိုက်ပျိုးရေးဦးစီးဌာနမှ သွင်းအားစုလိုအပ်ချက် များကို အရစ်ကျစနစ် ဖြင့် ပေးနိုင်ရန် ချိတ် ဆက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | နည်းခြင်း<br>• စိုက်ပျိုးရေးဦးစီးဌာန မှကွင်းဆင်းဝန်ထမ်း မလုံလောက်ခြင်း | | - မျိုးသန့်များကို ဈေးနှုန်း ချိုသာစွာရရှိရန် ဆောင် ရွက်ခြင်း |
| ၇ | **မွေးမြူရေးကဏ္ဍ** | | | | | |
| | • မွေးမြူရေးနှင့်ပတ် သက်သော နည်းပညာ သိရှိမှုအားနည်းခြင်း<br>• တိရိစ္ဆာန်ရောဂါကျ ခြင်း | • မွေးမြူရေး နည်းပညာ ဝန်ဆောင်မှုအားနည်း ခြင်း<br>• တိရစ္ဆာန်ရောဂါကာကွယ် ဆေး ပုံမှန်ထိုးနှံမှုမရှိခြင်း<br>• ခြံသန့်ရှင်းရေးမလုပ်ကြ ခြင်း | • မွေးမြူရေးလုပ်ကိုင် ရန် ရေမြေ၊ ရာသီဥတု၊ ပတ်ဝန်းကျင်သင့်တင့် ကောင်းမွန်ခြင်း<br>• ကြိုတင်ကာကွယ်ဆေး ထိုးမည့်တိရစ္ဆာန်ဆရာ (တိကု)ရပ်ရွာအတွင်း မရှိခြင်း<br>• မွေးမြူရေးခြံအလုပ် သမားပေါများခြင်း | • ဈေးကွက်နှင့် ထုတ် လုပ်နိုင်မှုရှိပြီး၊ တရားဝင်ရောင်းဝယ် ခွင့်မရှိခြင်း<br>• ဒေသအလိုက် ရောဂါ သစ်ဝင်လာခြင်း<br>• ကာကွယ်ဆေး အရည်သွေးမပြည့်ဝ ခြင်း | • မွေးမြူရေးနှင့်ပတ်သက် သော စာအုပ်၊ စာတမ်း များထားရှိနိုင်ရန်ဆောင် ရွက်ခြင်း<br>• တိရိစ္ဆာန်ကုသကာကွယ် ရေးအတွက်အလေးထား စိတ်တိုးတက်အောင် ဆောင်ရွက်ခြင်း<br>• သဘာဝဘေးတစ်ခု ကြောင့် ပျက်စီးဆုံးရှုံး သွားလျှင် အရေးပေါ် ပြန်လည်ထူထောင်ရေး အဖွဲ့အစည်းများ ဖွဲ့စည်း ထားခြင်း | • တိရိစ္ဆာန် မွေးမြူရေးဆိုင်ရာနည်း စနစ်များရရှိရန် ဆောင်ရွက်ခြင်း<br>- မွေးမြူရေးအစာ တစ် နှစ်ပတ်လုံးလုံလောက် မှုရရှိရန် စနစ်တကျ သိုလှောင်ခြင်း<br>- မွေးမြူရေးအတွက် မျိုးကောင်း၊ မျိုးသန့် များရရှိနိုင်ရန် ဆောင် ရွက်ခြင်း<br>- မွေးမြူရေးနှင့်ပတ်သက် သော နည်းပညာသင် တန်းများ ဖွင့်လှစ်ခြင်း |
| ၈ | **စိုက်ပျိုး/မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းကဏ္ဍ** | | | | | |
| | • အလုပ်အကိုင် အခွင့် အလမ်းရှားပါးခြင်း | • လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ခြင်း<br>• လုပ်ငန်းခွင် သတ်မှတ် ပညာအရည်အချင်းနှင့် မကိုက်ညီခြင်း<br>• ပြင်ပဗဟုသုတနည်းပါး ခြင်း<br>• သက်မွေးပညာတတ် မြောက်ရန် ငွေကြေးမ တတ်နိုင်ခြင်း | • ကျေးလက်ဦးစီးဌာနရှိ ခြင်း<br>• အလယ်တန်းကျောင်း ရှိခြင်း<br>• ကျေးရွာတွင်စာကြည့် တိုက်ရှိခြင်း<br>• စကုမြို့ မင်းဘူးမြို့များ တွင် စက်ချုပ်၊ စက်ပြင် ဖုန်းပြင်၊ လက်သမား စသည့် ပညာများ သင်ယူနိုင်ခြင်း | • ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်မှုအား နည်းခြင်း<br>• အလယ်တန်းပညာ သင်ကြားရန်ဝမ်းရေး မလုံလောက်ခြင်း<br>• စာကြည့်တိုက်တွင် စာအုပ်ငှားဖတ်ရန် အချိန်မရှိခြင်း<br>• မင်းဘူး၊ စကုမြို့များ တွင် သွားရောက် | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍အသက်မွေး ဝမ်းကျောင်းသင်တန်း ဖွင့်လှစ်နိုင်ရန် ဆောင် ရွက်ခြင်း<br>• အလယ်တန်းပညာပြီး ဆုံးရန် တိုက်တွန်းနှိုး ဆော်ခြင်း<br>• ပြင်ပအဖွဲ့(NGO, INGO)များနှင့် ချိတ် ဆက်ခြင်း | • အလုပ်အကိုင်အခွင့်လမ်းပေါများ၍ ကျေးရွာရှိမိသားစုတိုင်း ဝင်ငွေ ရရှိစေခြင်း<br>- စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်း ကော်မတီအဖွဲ့ဖွဲ့စည်း ခြင်း<br>- ကျေးလက်ဦးစီးဌာန/ NGOsနှင့် ချိတ်ဆက် ၍အသက်မွေးသင်တန်း ဖွင့်လှစ်နိုင်ရန် ဆောင် ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | • ပြင်ပအဖွဲ့ (NGO, INGO)များရှိခြင်း | သင်ယူရန်နေရာထိုင်ခင်း ခက်ခဲခြင်း | | - ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားရန် တိုက်တွန်းနှိုးဆော်ခြင်း၊ ပြင်ပအဖွဲ့အစည်း၊ ကုမ္ပဏီများနှင့် ချိတ်ဆက်၍ တစ်ပိုင်တစ်နိုင်အသေးစားစက်မှု၊ လက်မှုလုပ်ငန်းများ ထူထောင်နိုင်ရန် ဆောင်ရွက်ခြင်း |

နောက်ဆက်တွဲ(၃)

## ဇီးဖြူကုန်းကျေးရွာ၊ ထိန်တောကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသိန်းဆင့် | ဦးဖျောက်အိုး | ၈/မဘန(နိုင်)၀၇၆၉၆၆ | ၅၁ | အဖွဲ့ခေါင်းဆောင် | ၀၉-၂၅၃၄၅၂၄၀၀ |
| ၂ | ဦးမောင်အေး | ဦးညိုကြီး | ၈/မဘန(နိုင်)၀၄၉၇၄၀ | ၄၇ | အတွင်းရေးမှူး(၁) | ၀၉-၄၄၀၃၈၀၀၂၄ |
| ၃ | ဒေါ်သန္တာလွင် | ဦးတင်အေး | ၈/မဘန(နိုင်)၁၂၇၄၅၇ | ၂၀ | အတွင်းရေးမှူး(၂) | ၀၉-၄၅၃၇၅၃၃၁၆ |
| ၄ | ဦးမျိုးဇော်အောင် | ဦးလှဆောင် | ၈/မဘန(နိုင်)၁၂၇၄၇၁ | ၁၉ | စာရင်းကိုင်(၁) | ၀၉-၇၉၆၄၁၇၉၈၀ |
| ၅ | ဒေါ်သူဇာဝင်း | ဦးဝင်းမောင် | ၈/မဘန(နိုင်)၁၂၁၈၃၄ | ၁၈ | စာရင်းကိုင်(၂) | |
| ၆ | ဦးလှအောင် | ဦးအေးသောင်း | ၈/မဘန(နိုင်)၀၄၄၇၁၉ | ၆၃ | ငွေထိန်း | ၀၉-၄၅၄၇၄၃၉၀၈ |
| ၇ | ဦးခင်မောင်သန်း | ဦးမြင့်ရွှေ | ၈/မဘန(နိုင်)၀၇၈၄၃၀ | ၃၆ | သော့ကိုင် | ၀၉-၉၇၁၄၈၈၃၄၃ |
| ၈ | ဦးကျော်တင့် | ဦးသန်းရွှေ | ၈/မဘန(နိုင်)၀၀၁၂၉၈ | ၄၃ | သော့ကိုင် | ၀၉၉၇၃၄၆၈၈၅၄ |
| ၉ | ဦးအောင်ဆင့် | ဦးဖိုးဆိတ် | ၈/မဘန(နိုင်)၀၅၈၅၃၄ | ၅၈ | အဖွဲ့ဝင် | |
| ၁၀ | ဦးကျော်ဆန်း | ဦးလူခိုင် | ၈/မဘန(နိုင်)၀၄၈၃၉၂ | ၄၅ | အဖွဲ့ဝင် | |
| ၁၁ | ဦးကျော်ရွှေ | ဦးကြွယ် | ၈/မဘန(နိုင်)၀၄၄၆၇၆ | ၅၄ | အဖွဲ့ဝင် | ၀၉-၇၉၇၃၃၇၀၆၈ |
| ၁၂ | ဦးအေးသန်း | ဦးသိန်းမောင် | ၈/မဘန(နိုင်)၀၅၀၂၂၄ | ၆၅ | အဖွဲ့ဝင် | ၀၉-၄၀၁၅၅၅၉၀၇ |
| ၁၃ | ဦးထွန်းထွန်းနိုင် | ဦးတင်မြင့် | ၈/မဘန(နိုင်)၀၈၀၈၇၈ | ၃၇ | အဖွဲ့ဝင် | ၀၉-၂၅၆၂၀၆၇၇၂ |